မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မတ် ၁၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၅၁)၊ အမှတ် (၁၇၁)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီမည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးဇုန်များထူထောင် ခေတ်မီစိုက်နည်းစနစ်ကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်း

တိုးတက်လာမည့် လူဦးရေ သန်း(၁၀၀)အတွက် ရိက္ခာဖူလုံစေရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် မျှော်တွေးဆောင်ရွက်

နေပြည်တော် မတ် ၁၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာနှင့် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာတို့ရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေများ၌ ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုများကို ကွင်းဆင်းသွားရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အလျင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့် လယ်ယာမြေစိုက်ခင်းသို့ရောက်ရှိပြီး ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ်ပုလဲသွယ်စပ်မျိုးစပါးနှင့် မြန်မာပုလဲသွယ်စပ်မျိုးစပါးတို့၏ စပါးမျိုးစေ့၊ ဆန်နှင့်စပါးပင်နမူနာများကို ကြည့်ရှုစစ်ဆေးရာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပုလဲသွယ်စပ်မျိုးစပါး တစ်မျိုးချင်း၏ စရိုက်လက္ခဏာနှင့် ဖြစ်ထွန်းအောင်မြင်မှုအား ရှင်းလင်းတင်ပြပြီး လက်တွေ့စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် အဆင့်မြင့်လယ်ယာ မြေဧက (၃၆၉)ဧက တစ်ဆက်တစ်စပ်တည်းစိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးများအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးရာ ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင်က ဒေသခံတောင်သူများ၏ လယ်မြေဧက (၃၆၉) ဧကကို အဆင့်မြင့်လယ်ယာအဖြစ် တစ်ဆက်တစ်စပ်တည်း ဖော်ထုတ်ဆောင်ရွက်၍ ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးခဲ့မှု၊ သက်တမ်း ၈၄ ရက်သားတွင် စပါးနှံများ စတင်ထွက်ရှိ နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေ စိုက်ခင်း၌ ဖိလစ်ပိုင်ပုလဲသွယ်စပ်မျိုးစပါး၊ ဗီယက်နမ် ပုလဲသွယ်စပ်မျိုးစပါးနှင့် မြန်မာပုလဲသွယ်စပ်မျိုးစပါး တို့၏ စပါးမျိုးစေ့၊ ဆန်နှင့်စပါးပင်နမူနာများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက် အားပေး

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာ အဆင့်မြင့်လယ်ယာမြေပုလဲသွယ်စပ်မျိုးစပါး (၂၈၈)ဧက စိုက်ခင်း၌ အောင်ချမ်းသာကျေးရွာမှ ဒေသခံတောင်သူများနှင့် နေပြည်တော်ရှိ ခေတ်မီအဆင့်မြင့် လယ်ယာမြေများသို့ လာရောက်လေ့လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေး ပြောင်းလဲမှု (၅)မျိုး

☆ စိတ်ဓာတ်ပိုင်းပြုပြင်ပြောင်းလဲမှု၊
☆ မျိုးကောင်းမျိုးသန့်ပြောင်းလဲ စိုက်ပျိုးမှု၊
☆ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ် ပြောင်းလဲမှု၊
☆ ခေတ်မီမြေယာပြုပြင်မှု၊
☆ စက်မှုလယ်ယာစနစ်ပြောင်းလဲမှု။

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မတ် ၁၉ ရက်)

မကူးစက်တတ်သော်လည်း အသက်ကိုတော့ အန္တရာယ်ပေးနိုင်ပါသည်

ကမ္ဘာပေါ်တွင် ကူးစက်တတ်သောရောဂါနှင့် ကူးစက်ရောဂါမဟုတ်သော ရောဂါဟူ၍ ရှိ၏။ ကူးစက်ရောဂါမဟုတ်သောရောဂါဟူသည်ကား နှလုံးသွေးကြောရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုသွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများပင်ဖြစ်၏။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ လေ့လာဆန်းစစ်ချက်အရ ကမ္ဘာပေါ်တွင် ကူးစက်တတ်သောရောဂါများကြောင့် သေဆုံးသူဦးရေထက် ကူးစက်ရောဂါမဟုတ်သောရောဂါကြောင့် သေဆုံးသူဦးရေမှာ ပို၍များပြားသည်ဟု ဆို၏။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၀၈ ခုနှစ်က ထုတ်ပြန်ခဲ့သောစာရင်းများအရ ကမ္ဘာပေါ်တွင် လူပေါင်း ၅၇ သန်း သေဆုံးခဲ့သည့်အနက် ၃၆ သန်းမှာ ကူးစက်ရောဂါမဟုတ်သောရောဂါများကြောင့် သေဆုံးရသည်ဟုဆို၏။

မြန်မာနိုင်ငံတွင်လည်း ကူးစက်ရောဂါမဟုတ်သောရောဂါများကြောင့် သေဆုံးသူဦးရေ တိုးတက်များပြားလျက်ရှိရာ သတိပြုစရာကောင်း၏။ ကူးစက်ရောဂါမဟုတ်သော်လည်း ပြည်သူများ၏ ကျန်းမာရေးပြဿနာကို သိသိသာသာ ခြိမ်းခြောက်လာ၏။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ၂၀၀၈ ခုနှစ်ကထုတ်ပြန်သည့် ကူးစက်ရောဂါမဟုတ်သော ရောဂါအခြေအနေစာတမ်းတွင် မြန်မာနိုင်ငံ၌ သေဆုံးသူဦးရေစုစုပေါင်း၏ ၄၀ ရာခိုင်နှုန်း ရှိကြောင်း ဖော်ပြထားသည်။

ထို့ကြောင့် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ကူးစက်ရောဂါမဟုတ်သောရောဂါများကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အဟန့်အတားတစ်ခုအနေဖြင့် ရှုမြင်လက်ခံလာကြသည်။

ကူးစက်ရောဂါမဟုတ်သောရောဂါများ ဖြစ်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များစားသောက်ခြင်း၊ ကိုယ်ကာယလှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုများပြားလာခြင်းနှင့် အရက်အလွန်အကျွံ သောက်သုံးခြင်းတို့ကြောင့် ဖြစ်၏။

ဤအကြောင်းအချက်များကြောင့် သွေးတိုးခြင်း၊ သွေးအတွင်းအဆီများခြင်းနှင့် အဝလွန်ကဲခြင်းတို့ဖြစ်ပြီး နောက်ဆုံးတွင် နှလုံးသွေးကြောဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ ဆီးချိုသွေးချိုရောဂါနှင့် နာတာရှည်အဆုတ်ရောဂါများ ဖြစ်လာကြသည်။

ပြည်သူတို့အနေဖြင့် ဤကူးစက်ရောဂါမဟုတ်သောရောဂါများမှ ကာကွယ်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ကြရန် အထူးလိုအပ်လာသည်။ အဆီအအိမ့်များသော အစားအစာများ၊ အငန်များသောအစားအစာများ၊ ဆီကြော်များ၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်းများ၊ အရက်အလွန်အကျွံသောက်သုံးခြင်းများ ရှောင်ကြဉ်သင့်၏။

ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ များများစားသုံးသင့်၏။ လေ့ကျင့်ခန်းမှန်မှန်လုပ်သင့်၏။ နေ့စဉ်နာရီဝက်ခန့် လမ်းလျှောက်ပေးလျှင် ပိုကောင်း၏။ လမ်းလျှောက်ခြင်းဖြင့် လေကောင်းလေသန့်ရသဖြင့် အဆုတ်အားပိုကောင်း၏။ လမ်းလျှောက်ခြင်းဖြင့် သွေးလေကို ညီညွတ်မျှတစေ၏။

သို့ဖြစ်ရာ ပြည်သူတို့အနေဖြင့် မကူးစက်တတ်သော်လည်း အသက်ကိုအန္တရာယ်ပေးနိုင်သည့် ရောဂါများဘေးမှ ကင်းဝေးကာ သက်တမ်းရှည်ရှည်နေနိုင်ရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်မျှတအောင်နေထိုင်စားသောက်သင့်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။ ။

ဖျာပုံမြို့နယ်၌ ကုမုဒြာစာကြည့်တိုက်ဖွင့်

ဖျာပုံ မတ် ၁၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သမိန်ထောသိမ်ကုန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်ပြီးစီးခဲ့သည့် ကုမုဒြာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲနှင့် စာအုပ်၊ စာစောင်၊ ပရိဘောဂလှူဒါန်းပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်ရှေ့နှင့် တောလုံးကျောင်းတိုက် ကျွန်းကျောင်းကြီးဓမ္မာရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ ဖျာပုံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဌေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်း၊ ခရိုင်ဦးစီးအရာရှိ(ငြိမ်း) ဦးစန်းဝင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဥက္ကာတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ အလှူရှင်များက စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်၊ ပရိဘောဂနှင့် ငွေပဒေသာပင် စိုက်ထူလှူဒါန်းကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု(Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electr- icity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

(မီးသတ်ဦးစီးဌာန)

ABC National Women Poll 8-ball Championship ပြိုင်ပွဲ၌ မျိုးဆက်သစ် အမျိုးသမီးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားလျက်ရှိ

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ 8-ball အမျိုးသမီးအားကစားပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိရေးအတွက် အဓိကရည်ရွယ်ချက်ဖြင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံ ဘီလီယက်နှင့် စနူကာအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပပြီး၊ Myanmar Brewery Ltd. က ကူညီပံ့ပိုးကာ မြန်မာနိုင်ငံတွင် ပထမအကြိမ် ABC National Women Poll 8-ball Championship ပြိုင်ပွဲကို မတ် ၁၀ ရက်က စတင်၍ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ကုက္ကိုင်းရေကူးအသင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။

အဆိုပါ ပြိုင်ပွဲ၌ အားကြိုးမာန်တက်ကြိုးစားပြီး ပါဝင်ယှဉ်ပြိုင်လျက်ရှိသော မျိုးဆက်သစ် 8- ball အမျိုးသမီး အားကစားသမားများ၏ ယှဉ်ပြိုင်မှုများကို အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘီလီယက်နှင့် စနူကာအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ အမှုဆောင်များနှင့် 8- ball အမျိုးသမီးအားကစားပြိုင်ပွဲ ကျွမ်းကျင်ပညာရှင်တို့က အားရကျေနပ်မှုရရှိပြီး ပြိုင်ပွဲ၌ အကောင်းဆုံး လက်စွမ်းပြနိုင်မည့် မျိုးဆက်သစ် Women 8-ball အားကစားသမားများအား ရွေးချယ်ကာ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် စခန်းသွင်း လေ့ကျင့်ပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပထမဦးဆုံးကျင်းပသည့် Women Poll 8-ball Championship ပြိုင်ပွဲအောင်အောင်မြင်မြင် ကျင်းပနိုင်ရေးနှင့် Poll 8-ball မျိုးဆက်သစ် အမျိုးသမီးများ စိတ်ချမ်းမြေ့စွာဖြင့် ပါဝင်ယှဉ်ပြိုင်ကစားနိုင်ရေးအတွက် Co-Sponsor များဖြစ်ကြသော Phobos၊ 100 Plus Energy၊ M.D.G၊ Gold Roast၊ Citygn Enterprise၊ Canon၊ Haier၊ Ambur Electronic Co., Ltd.၊ ကုက္ကိုင်းရေကူးအသင်းတို့ကလည်း ထပ်မံ၍ ကူညီပံ့ပိုးပေးလျက်ရှိသည်။ ပြိုင်ပွဲ၏ ဗိုလ်လုပွဲကို မတ် ၂၅ ရက် မွန်းလွဲပိုင်းတွင် ယင်းရေကူးကန်၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရွှေကျင်မြို့၌ ချေးငွေများထုတ်ချေး

ရွှေကျင် မတ် ၁၈

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်အရ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်စည်ပင်သာယာဈေးအတွင်းရှိ ပုံကျဈေးသည်များအား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ချေးငွေကျပ် ၁၀ သိန်း ထုတ်ပေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ပေးအပ်ခဲ့

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းလှိုင်က ချေးငွေများကို ပုံကျဈေးသည်တစ်ဦးချင်းစီသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်းပြပွဲ ကျင်းပ

ရန်ကုန် မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် စစ်ပင်ကျေးရွာအုပ်စု လယ်သမားကြီး ဦးစိုးမင်း၏ လယ်မြေ ၁၀ ဧကတွင် စိုက်ပျိုးထားသည့် ပုလဲသွယ်စပ်မျိုးစပါး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်းပြပွဲကို မတ် ၁၆ရက် နံနက်က ကျင်းပသည်။

ကွင်းဆင်းလေ့လာ

အဆိုပါ တောင်သူပညာပေးကွင်းပြပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်းနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်အောင်ဝင်းတို့က ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များနှင့်အညီ စိုက်ပျိုးထားမှု အခြေအနေ၊ မြေကောင်းရေကောင်းစနစ်ကောင်းဖြင့် စိုက်ပျိုးထုတ်လုပ်ပါက တစ်ဧကလျှင်တင်း၂၀၀အထိထွက်ရှိနိုင်ကြောင်း၊ လက်ရှိကာလ အပင်ဖြစ်ထွန်းမှုနှင့် အပင်ပွားစီးမှု အခြေအနေတို့အရ မျှော်မှန်းအထွက်နှုန်းရရှိနိုင်ကြောင်း ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက မြေညှိမြေပြင်ခြင်း၊ ပေါင်ပျိုးစနစ်ပျိုးထောင်စိုက်ပျိုးနိုင်ခဲ့ခြင်းနှင့် လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာသည့် တောင်သူများက ပြန်လည်မေးမြန်းဆွေးနွေးကြပြီး ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧကစိုက်ကွင်းအတွင်း ကွင်းဆင်းလေ့လာကြကြောင်း သိရှိရသည်။ **(အောက်ပုံ)**

(မြန်မာ့အလင်း)

မီးဘေးကြိုတင်ကာကွယ်

ကလေးဝ မတ် ၁၈

ကလေးဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဟောပြောပွဲနှင့် သရုပ်ပြလေ့ကျင့်မှုတို့ကို မတ် ၁၁ ရက်က မြို့မဈေးကြီးအတွင်း၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ အမှုဆောင်အရာရှိဦးခင်ဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်စိုး၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ တက်ရောက်၍ သရုပ်ပြလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။ (၁၆၅)

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲ ကျင်းပ

စစ်တွေ မတ် ၁၈

၂၀၁၂ ခုနှစ် အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း ပြည်နယ်အဆင့် အသိပေးဆွေးနွေးပွဲ အခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီးဒေါက်တာအောင်ကျော်မင်းက အမှာစကားပြောကြားပြီး **(အောက်ပုံ)** ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းထွန်းအောင်က အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက ဆွေးနွေးတင်ပြပြီး တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မေတ္တာဗျူဟာအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန် မတ် ၁၈

မေတ္တာဗျူဟာအဖွဲ့၏ (၂၇) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၁၁ ရက် နံနက် ၉ နာရီက ဗိုလ်တထောင်စေတီတော် ဆိပ်ကမ်းဓမ္မာရုံကြီး၌ကျင်းပရာ နာယက ဦးအုန်းမြင့် ဩဝါဒစကားပြောကြားပြီး အဖွဲ့အမှုဆောင်သစ်များ ရွေးချယ်ခြင်းနှင့် ဧပြီ ၈ ရက်တွင် (၁၁၅)ကြိမ်မြောက် မေတ္တာသွေးလှူဒါန်းပွဲ ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါအဖွဲ့သည် ၁၉၈၇ ခုနှစ် ဧပြီလမှစ၍ သွေးလှူဒါန်းပွဲများ ကျင်းပခဲ့ရာ (၁၁၄) ကြိမ်ရှိခဲ့ပြီး မေတ္တာသွေးပုလင်းပေါင်း နှစ်သောင်းကျော် လှူဒါန်းခဲ့ကြောင်း၊ (၁၁၅) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ဧပြီလတွင် ကျင်းပမည်ဖြစ်၍ သွေးလှူမည့်မေတ္တာရှင်များကို ဖိတ်ခေါ်ထားကြောင်း သိရှိရသည်။

(၁၆၇)

● ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုဝန်ကြီးများ၊ လာရောက်လေ့လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဒေသခံတောင်သူများအား လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာရေးအတွက် စိတ်ဓာတ်ပိုင်းပြုပြင်ပြောင်းလဲမှု၊ မျိုးကောင်းမျိုးသန့်ပြောင်းလဲစိုက်ပျိုးမှု၊ ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်ပြောင်းလဲမှု၊ ခေတ်မီမြေယာပြုပြင်မှုနှင့် စက်မှုလယ်ယာစနစ် ပြောင်းလဲမှုဟူသည့် ပြောင်းလဲမှုငါးမျိုးဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သမားရိုးကျမိရိုးဖလာအတိုင်း စိုက်ပျိုးလုပ်ကိုင်လိုသည့် စိတ်ဓာတ်ကို ပြောင်းလဲ၍ ခေတ်မီနည်းစနစ်ဖြင့် တိုးတက်အောင်မြင်နေကြသည့်နိုင်ငံများနည်းတူ တိုးတက်အောင်မြင်လိုသည့်စိတ်ဓာတ်ကို မွေးမြူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်စိုက်ပျိုးရေးဇုန်များထူထောင်၍ မျိုးကောင်းမျိုးသန့်မျိုးစေ့များကို တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးကြရန်လိုအပ်ကြောင်း၊ သို့မှသာ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးရေးကဏ္ဍ ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

ဆန်စပါးကို အဓိကစိုက်ပျိုးကြသည့် စစ်ကိုင်း၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့အနေဖြင့် နောင်တွင် ကိုယ်တိုင်စိုက်ပျိုးသည့်ဆန်စပါးများကို ကိုယ်တိုင်ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး ဒေသအလိုက် နောက်ကျမကျန်အောင် ကြိုးစားကြရန်ဖြစ်ကြောင်း။

တောင်သူလယ်သမားများအနေဖြင့်လည်း ခေတ်မီစိုက်နည်းစနစ်ကို ပြောင်းလဲစိုက်ပျိုးခြင်းဖြင့် မိမိတို့၏ဘဝဖွံ့ဖြိုးတိုးတက်လာအောင်ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးကူညီမှုများကို မိမိတို့တစ်ဦးချင်းစီ၏ လုံ့လ၊ ဝီရိယ၊ အောင်မြင်လိုသည့်စိတ်ဆန္ဒဖြင့်ပေါင်းစပ်၍ စပါးအထွက်တိုးအောင်၊ ဝင်ငွေတိုးအောင် ဆောင်ရွက်ရန်နှင့် မကြာမီတိုးတက်လာမည့်လူဦးရေ သန်း ၁၀၀ အတွက် ရိက္ခာဖူလုံစေရန်နှင့် ပြည်ပပို့ကုန်တိုးမြှင့်နိုင်ရန် မျှော်တွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာကျေးရွာအဆင့်မြင့်လယ်ယာမြေ ပုလဲသွယ်စပ်မျိုးစပါး ၂၈၈ ဧက စိုက်ခင်းသို့ ရောက်ရှိပြီး တောင်သူများသို့ ပညာပေးဖြန့်ဖြူးရောင်းချပေးမည့် မြေဆီဓာတ်ခွဲသေတ္တာများနှင့် ဓာတ်မြေဩဇာများကို ကြည့်ရှုအားပေးပြီး ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ပညာပေးရေးနှင့် ဖြန့်ဖြူးပေးနိုင်ရေးတို့ကို မှာကြားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့် လယ်ယာမြေဧက(၃၆၉)ဧက တစ်ဆက်တစ်စပ်တည်း စိုက်ကွင်းအတွင်း ပုလဲသွယ်စပ်မျိုးစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

ထို့နောက် နိုင်ငံတော်သမ္မတသည် အောင်ချမ်းသာကျေးရွာမှ ဒေသခံတောင်သူများနှင့် နေပြည်တော်ရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေများသို့ လာရောက်လေ့လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။ (သတင်းစဉ်)

ပျဉ်းမနားမြို့နယ် အလျှင်လိုကျေးရွာရှိ ခေတ်မီအဆင့်မြင့်လယ်ယာမြေစိုက်ခင်း၌ ပုလဲသွယ်စပ်မျိုးစပါးများ စိုက်ပျိုးအောင်မြင်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးစာရေးများဆင့်ပွားသင်တန်းပေး စာရင်းဇယားကောက်ယူရေးနှင့် ကိန်းဂဏန်းမှန်ကန်ရေး ရေးဆွဲဖော်ဆောင်

နေပြည်တော် မတ် ၁၈

စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းသင်တန်း (အရာရှိအဆင့်)အမှတ်စဉ် (၃/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကဏ္ဍအလိုက် စီမံကိန်းနှင့် ဒေသန္တရအလိုက် စီမံကိန်းတို့ကို ပြည်ထောင်စုအစိုးရ၏ မူဝါဒနှင့်အညီ ရေးဆွဲအကောင်အထည်ဖော်ရန်ဖြစ်ကြောင်းနှင့် မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေး ကော်မတီအသီးသီးကို ဒေသအာဏာပိုင်က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများ၊ လူမှုရေးနှင့် စီးပွားရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းညှိနှိုင်းရေးဆွဲအကောင်အထည်ဖော်ရေး၊ ကျေးရွာနှင့် ရပ်ကွက်အုပ်ချုပ်ရေးရုံးစာရေးများကို ဆင့်ပွားသင်တန်းပေး၍ စာရင်းဇယားကောက်ယူရေး၊ ကိန်းဂဏန်း စာရင်းဇယားများမှန်ကန်ရေး၊ ကျေးရွာ၊ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရေးတို့ကို မှာကြားသည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများမှ ဒုတိယတာဝန်ခံ ၁၇ ဦး၊ မြို့နယ်စီမံကိန်းဦးစီးမှူး ၁၁၄ ဦးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သင်တန်းသားတစ်ဦး စုစုပေါင်း ၁၃၂ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မတ် ၁၂ ရက်မှ ၁၈ ရက်အထိဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်ထောင်စု ဝန်ကြီး ဦးတင်နိုင်သိန်း စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း သင်တန်း(အရာရှိအဆင့်)အမှတ်စဉ် (၃/၂၀၁၂) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်ပိုင်းစွန်းဒေသများတွင် မိုးရွာနိုင်

နေပြည်တော် မတ် ၁၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ရခိုင်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်မှာ မင်းဘူးမြို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဝေါမြို့နယ် ရှမ်းစုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ မတ် ၁၁ ရက်က တရားမဝင်သစ်ထုတ်လုပ်မှု လျှော့နည်းပပျောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဟောပြောပွဲကျင်းပရာ ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဝေါမြို့နယ်တာဝန်ခံတောအုပ်ကြီး ဦးလှမြင့် ပညာပေးဟောပြောဆွေးနွေးစဉ်။ (မြို့နယ်သစ်တောဦးစီးဌာန)

ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တိုက်ကြီး၌ ပညာပေးဟောပြော

တိုက်ကြီး မတ် ၁၈

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံ-ရှမ်းစုကျေးရွာတွင် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ပညာပေးဟောပြောပွဲကို မတ် ၁၆ ရက် နံနက် ၁၀ နာရီက ဦးမျိုးနိုင်၏ ငါးကန်တွင် ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသွင် **(ယာပုံ)**၊ ရေချိုသုတေသနမှ ဦးစီးအရာရှိ ဒေါ်အေးအေးသိန်း၊ ငါးရောဂါဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်မော်မော်သန်း ပါဝင်သောအဖွဲ့က ငါးမွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး၊ အပူချိန်ကြောင့် ငါးသေဆုံးမှုမရှိစေရေး ပညာပေးဟောပြောကြပြီး ငါးမွေးကန်များအား ရေအရည်အသွေးများ စစ်ဆေးပေးခဲ့သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် အဆိုပါအဖွဲ့သည် ဂေါ့ကျေးရွာအုပ်စုရှိ ဦးအေးလွင်၏ နေလင်းနှင့်သားများကုမ္ပဏီ၌ မွေးမြူထုတ်လုပ်ရေးလက်မှတ် လျှောက်ထားမှုကို စစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၁၉-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း
၈း၀၀	တိုင်းရင်းသားရိုးရာအက
၈း၃၀	(၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈း၄၀	International News

ညပိုင်း

၄း၃၀	အဝေးသင်တက္ကသိုလ် တတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၅း၁၀	မြန်မာစာ၊ မြန်မာစကား
၅း၃၅	တစ်သက်တာတီဘီကင်းဝေးရေး အားလုံးပါဝင်ဆောင်ရွက်ပေး
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ချမ်းမြေ့ပျော်ရွှင်** (အပိုင်း-၁၃)
၇း၅၀	ပြဒါးသေတစ်ဆွဲ သံသေတစ်ပြည်ဝ
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	**ဒီမိုမွေးနေ့** (ဒါရိုက်တာ-အကယ်ဒမီဇော်မြင့်ဦး)
-	ကမ္ဘာကျော်သရုပ်ဆောင်များ
-	အိန္ဒိယရုပ်ရှင် **ပန်းပျိုးသောလက်တစ်စုံ**(အပိုင်း-၁)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် – စုစည်းသည်

စင်ကာပူနှင့်ဟောင်ကောင်ကျောင်းသားများ လုံခြုံရေးအစောင့်စက်ရုပ်ထုတ်လုပ်

စင်ကာပူ မတ် ၁၈

စင်ကာပူနိုင်ငံမှ နည်းပညာသိပ္ပံ အင်ဂျင်နီယာကျောင်းသားများနှင့် ဟောင်ကောင်မှ ပိုလီနည်းပညာတက္ကသိုလ်မှ ကျောင်းသားကျောင်းသူများက လုံခြုံရေးအစောင့်စက်ရုပ်အမျိုးအစားတစ်မျိုးကို တီထွင်ထုတ်လုပ်လိုက်ကြောင်း မတ် ၁၈ ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါစက်ရုပ်သည် ခွေးငယ်တစ်ကောင်၏ပုံဖြစ်ပြီး ရွေ့လျားသွားလာမှုနှင့် ရန်သူအား သွားရောက်ကိုက်သတ်မှုများပြုလုပ်မည်မဟုတ်ကြောင်း၊ နေအိမ်၊ အဆောက်အအုံနှင့် အခန်းများအတွင်း ကျူးကျော်ဝင်ရောက်လာပါက သတိပေးသံ အလိုအလျောက်ထွက်ပေါ်ကာ ပိုင်ရှင်အား အသိပေးနိုင်မည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ (ဝဲပုံ)

၄င်းစက်ရုပ်ခွေး၏ ဝဲဘက်မျက်လုံးတွင် အာရုံခံကိရိယာထည့်သွင်းတပ်ဆင်ထားပြီး ဦးခေါင်း၊ နားရွက်နှင့်ပါးစပ်များတွင် အလိုအလျောက်အသံထွက်ပေါ်စေမည့် အချက်ပေးစနစ်များတပ်ဆင်ထားသည်။ ယင်းစက်ရုပ်နှင့် ၁၈ ပေ အကွာသို့ ကျူးကျော်ဝင်ရောက်လာပါက အာရုံခံကိရိယာမှတစ်ဆင့် အချက်ပေးစနစ်သို့ရောက်ရှိပြီး ပိုင်ရှင်အားအသိပေးမည်ဖြစ်သည်။ အဆိုပါ စက်ရုပ်ကို လွန်ခဲ့သည့် သုံးလခန့်ကတည်းက ကျောင်းသား ကျောင်းသူများက သုတေသနပြုကာ ထုတ်လုပ်လိုက်ခြင်းဖြစ်ပြီး ကုန်ကျစရိတ်မှာ အမေရိကန် ဒေါ်လာ၁၀၀ခန့်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)



လမျက်နှာပြင်နှင့် အင်္ဂါဂြိုဟ်ပေါ်တွင် ရုရှားက သုတေသနစခန်း တည်ဆောက်မည်

မော်စကို မတ် ၁၈

ရုရှားနိုင်ငံမှ အာကာသသုတေသနပညာရှင်များက လမျက်နှာပြင်နှင့်အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် အာကာသယာဉ်မှူးများ လေ့လာမှုပြုလုပ်နိုင်ရေးအတွက် သုတေသနစခန်းများ တည်ဆောက်သွားရန်စီစဉ်နေကြောင်း မတ် ၁၈ ရက်က သတင်းထုတ်ပြန်သည်။ ထိုသို့ သုတေသနစခန်းများ တည်ဆောက်ရန်အတွက် လူလိုက်ပါသည့် အာကာသခရီးစဉ်တစ်ခုကို စေလွှတ်ရန်စီစဉ်လျက်ရှိသည်။ ယင်းစီမံကိန်းကို လာမည့် ၂၀၃၀ နှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားသော်လည်း ဘတ်ဂျက်ငွေကြေးအခက်အခဲနှင့်ကြုံတွေ့ရလျက်ရှိသည်ဟု ရုရှားထုတ်မီဒီယာများ၌ ဖော်ပြထားသည်။ (အပေါ်ပုံ)

နာဆာက အာကာသခရီးစဉ်များ ရပ်ဆိုင်းပြီးနောက်ပိုင်း ရုရှားနိုင်ငံက အာကာသလေ့လာရေးခရီးစဉ်များစေလွှတ်မှုကို ပိုမိုပြုလုပ်ရန် စီစဉ်ထားပြီး လူသားတို့ လမျက်နှာပြင်နှင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ သုတေသနပြုလုပ်နိုင်ရေးအတွက် အောင်မြင်မှုရရှိစေရန် ကြိုးစားလျက်ရှိသည်။ လမျက်နှာပြင်နှင့် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်တွင် ရေရှည်သုတေသနလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် သုတေသနစခန်း တည်ဆောက်ခြင်းမှာ အခြားနိုင်ငံများနှင့်လည်း သုတေသနလုပ်ငန်းများအတူလက်တွဲလုပ်ကိုင်နိုင်ရန်ဖြစ်ပြီး အာကာသ၏ပြောင်းလဲဖြစ်ပေါ်မှုများသည် လူသားတို့အတွက် မည်သို့အကျိုးသက်ရောက်မှုရှိအောင် ပြောင်းလဲအသုံးချနိုင်မှုရှိမရှိကို သိရှိနိုင်ရန်အတွက်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

နီပေါ၌ ကြက်ငှက်တုပ်ကွေးရောဂါများဖြစ်ပွား ကြက်ထောင်ပေါင်းများစွာ သုတ်သင်ရှင်းလင်းခဲ့ရ

ခတ္တမန္ဒူ မတ် ၁၈

နီပေါနိုင်ငံ မြို့တော်ခတ္တမန္ဒူနှင့် ဒါလ်လူမြို့တို့ရှိ ကြက်မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေမှုကြောင့် ကြက်ကောင်ရေ ထောင်ပေါင်းများစွာကို သုတ်သင်ရှင်းလင်းနေရကြောင်း နီပေါကျန်းမာရေးအရာရှိများက မတ် ၁၈ ရက်တွင် ပြောကြားသည်။

အဆိုပါ ကြက်မွေးမြူရေးခြံများမှ လွန်ခဲ့သည့် မတ် ၁၃ ရက်ကတည်းက ကြက်များ စတင်သေဆုံးနေခြင်းဖြစ်ပြီး ယခုမှသာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အစုအပြုံလိုက်သေဆုံးမှုဖြစ်နေသဖြင့် တာဝန်ရှိသူများက ကျန်သောကြက်များကို သုတ်သင်ရှင်းလင်းနေခြင်းဖြစ်သည်။

ဒါလ်လူမြို့မှ ပိုင်ရှင်ခရစ်ရှာခါတီဝါဒါ၏ ကြက်မွေးမြူရေးခြံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ကောင်ရေ ၁၅၁၆၀ ခန့် သေဆုံးခဲ့သည်။ ထို့ကြောင့် ဆရာဝန်များ၊ ကျန်းမာရေးအရာရှိများနှင့် တာဝန်ရှိသူများက ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားနေသည့် နေရာများကို အထူးကန့်သတ်ထားပြီး ကာကွယ်ဆေးများဖျန်းလျက်ရှိသည်။ (ယာပုံ) နီပေါနိုင်ငံ အရှေ့ပိုင်း ဂျာပါ၊ ပင်ချာသာ၊ အီလန်နှင့် ဆန်ဆာရီခရိုင်များတွင် ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားလျက်ရှိကြောင်း၊ တာဝန်ရှိသူများက ရောဂါမပြန့်ပွားစေရန် ကျန်းမာရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

နိုင်ငံတကာသတင်းပဒေသာအတိုအထွာ (၁၈-၃-၂၀၁၂)

တင်မောင်လွင် ➤ စုစည်းသည်

ပါကစ္စတန်မှ ပြန်ပေးဆွဲခံရသည့် ဆွစ်ဇာလန်ဇနီးမောင်နှံပြန်လွတ်

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ပြန်ပေးဆွဲခံရသည့် ဆွစ်ဇာလန် ကမ္ဘာလှည့်ခရီးသည် ဇနီးမောင်နှံနှစ်ဦး မတ် ၁၇ ရက်က လုံခြုံဘေးကင်းစွာ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း ဆွစ်ဇာလန်အာဏာပိုင်များက ၎င်းတို့၏ ဝက်ဘ်ဆိုက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါဇနီးမောင်နှံနှစ်ဦးသည် ယင်းနေ့ မွန်းလွဲပိုင်း ၁ နာရီခွဲက ဗူးရစ်-ကလိုတန်လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ၎င်းတို့၏ မိသားစုဝင်များနှင့် ဆွေမျိုးသားချင်းများ ဝိုင်းဝန်းကြိုဆိုခဲ့ကြသည်။ ပြန်ပေးသမားများ၏ လက်မှလွတ်မြောက်ရန်အတွက် အခက်အခဲများကို ကာလကြာရှည်စွာ ခက်ခက်ခဲခဲကြိုးစားရုန်းကန်ဖြတ်သန်းခဲ့ရပြီးနောက် ယခုကဲ့သို့ လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်ဟု ၎င်းတို့နှစ်ဦးက ပြောကြားခဲ့သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးရဟတ်ယာဉ်ပျက်ကျ

အာဖဂန်နစ္စတန်နိုင်ငံ၌ တူရကီရဟတ်ယာဉ်တစ်စင်းပျက်ကျသဖြင့် တူရကီတပ်ဖွဲ့ဝင် ၁၂ဦး သေဆုံးခဲ့ကြောင်း မတ် ၁၇ ရက်တွင် တူရကီစစ်ဘက်က ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်ပြီး အတည်ပြုကြေညာသည်။

နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) တာဝန်ဖြင့် သွားရောက်သည့် ဆီကောစကိုင်း ရဟတ်ယာဉ်သည် အာဖဂန်နစ္စတန်၌ မတ် ၁၆ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၂၅ မိနစ်တွင် ပျက်ကျခြင်းဖြစ်သည်။ မည်သည့်အတွက် ရဟတ်ယာဉ် ပျက်ကျရသည်ကို စုံစမ်းစစ်ဆေးရေးအဖွဲ့က စုံစမ်းဆဲဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြပါရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်အင်အား ၁၃၀၀၀၀ ရှိနေသည့်အပြင် နိုင်ငံတစ်ဝန်းလုံခြုံမှုကင်းမဲ့လျက်ရှိသေးသည်ဟု ဆိုသည်။

ရေယာဉ်တစ်စင်းပေါ်၌ သေဆုံးနေသူငါးဦး အီတလီရဲတပ်ဖွဲ့တွေ့ရှိ

အီတလီနိုင်ငံတောင်ပိုင်း လမ်ပတ်ဒူဆာကျွန်းတောင်ဘက်တွင် ရေယာဉ်တစ်စင်းပေါ်၌ သေဆုံးနေသည့် နိုင်ငံပြောင်းရွှေ့လာသူ ငါးဦး၏ရုပ်အလောင်းကို အီတလီရဲတပ်ဖွဲ့ဝင်များ ရှာဖွေတွေ့ရှိခဲ့ကြောင်း အေအင်န်အက်စ်အေသတင်းဌာနက မတ် ၁၇ ရက်က သတင်းထုတ်ပြန်သည်။ လစ်ဗျားရေပိုင်နက်မှ အီတလီနိုင်ငံဘက်သို့ ဦးတည်သွားလာနေသည့် ၎င်းရေယာဉ်ပေါ်တွင် နိုင်ငံပြောင်းရွှေ့လာသည့်အဖွဲ့တစ်ဖွဲ့မှ သေဆုံးနေသည့်လူငါးဦး၏ရုပ်အလောင်းအား ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု ဒေသတွင်း ကမ်းခြေစောင့်တပ်ဖွဲ့ကဖုန်းဖြင့် သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအဖွဲ့မှ လူပေါင်း ၅၂ ဦးကျော်တို့သည် ကျန်းမာရေးအခြေအနေဆိုးရွားလျက်ရှိသဖြင့် လမ်ပတ်ဒူဆာကယ်ဆယ်ရေးဌာနက ဆေးရုံသို့ပို့ပေးထားကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ငလျင်လှုပ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ခရိုင်အချို့တွင် မတ် ၁၈ ရက်က အင်အားရစ်ချ်တာစကေး ၄ ဒသမ ၆ အဆင့်ရှိ ငလျင်တစ်ခုလှုပ်သွားကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနမှ ထုတ်ပြန်ကြေညာသည်။ အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၆ မိနစ်ခန့်က ဒါကာမြို့နှင့် ၎င်းမြို့၏အနောက်တောင်ဘက် ကီလိုမီတာ ၂၀ ခန့်အကွာ၌ ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်ကြောင်း မိုးလေဝသပညာရှင် ရှန်ဆူဒန်က ပြောကြားခဲ့သည်။ *(အင်တာနက်)*

အမေရိကန်-ပါကစ္စတန် ဆက်ဆံရေး ထိပ်တန်းအရာရှိများ ဆွေးနွေးမည်

အစ္စလမ္မာဘတ် မတ် ၁၈

အမေရိကန်-ပါကစ္စတန်နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်လည်သုံးသပ်ရန် ပါကစ္စတန် ထိပ်တန်းအရာရှိများတက်ရောက်မည့် ပါကစ္စတန်ပါလီမန် ပူးတွဲအစည်းအဝေးကျင်းပမည်ဖြစ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါ ပူးတွဲအစည်းအဝေးသို့ ပါကစ္စတန်သမ္မတ အလီဇာဒါရီ၊ ဝန်ကြီးချုပ် ယူစွပ်ရာဇာဂီလာနီနှင့် ပါကစ္စတန်ဦးစီးအရာရှိချုပ် ဗိုလ်ချုပ်ကြီး အက်ရှဖက်ပါဗက်ဇ်ကယာနီတို့ တက်ရောက်မည်ဖြစ်သည်။

ဤအစည်းအဝေးက အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များအတွက် နေတိုး ထောက်ပံ့ရေးလမ်းကြောင်း ပြန်ဖွင့်ပေးရန် မတ် ၁၃ ရက်က အစီအစဉ်ကို ပြန်လည်သုံးသပ်အဆုံးအဖြတ်ပေးမည်ဟု ခန့်မှန်းရကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။ (အင်တာနက်)

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်တွင် ရထားနှင့်ကားတိုက်မိ

ဂျကာတာ မတ် ၁၈

အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်ရှိ တာဆစ်မလာယာဒေသတွင် မတ် ၁၈ ရက် နံနက်ပိုင်းက ရထားတစ်စင်းက ခရီးသည်တင်မီနီဘတ်စ်ကားတစ်စီးအား ဝင်တိုက်ခဲ့မှုကြောင့် မီနီဘတ်စ်ကားမှ ခရီးသည် ၁၁ ဦးသေဆုံးပြီး အခြားလေးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။ (အပေါ်ပုံ)

ဖြစ်ပွားမှုမှာ အနီးမှ ရထားတစ်စင်း လျင်မြန်စွာခုတ်မောင်းလာစဉ် အဆိုပါမီနီဘတ်စ်ကားမှာ ရုတ်တရက်အင်ဂျင်ချွတ်ယွင်းမှုကြောင့် ရထားလမ်းပေါ်တွင် ရပ်သွားခဲ့သဖြင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း တာဆစ်မလာယာမြို့ ရဲတပ်ဖွဲ့ခေါင်းဆောင် ဂါပွတ်ဆက်တီယိုနိုက ပြောကြားခဲ့သည်။ အဆိုပါရထားသည် အနောက်ဂျာဗားပြည်နယ် ဘာဒန်ဒေသမှထွက်ခွာလာပြီး အရှေ့ဂျာဗားပြည်နယ်စူရာဘာယာဒေသသို့ ဦးတည်ခုတ်မောင်းလာစဉ် ယင်းမီနီဘတ်စ်ကား လမ်းဖြတ်ကျော်နေသည်ကို သတိမမူမိသဖြင့် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၉နာရီခွဲက ထိုသို့တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။ (အင်တာနက်)

ဒမတ်စကတ်မြို့တော်တွင် ကားဗုံးခွဲမှုများဖြစ်ပွား ဆီးရီးယားအရပ်သားများနှင့် တပ်ဖွဲ့ဝင်များသေဆုံး

ဒမတ်စကတ် မတ် ၁၈

ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့တော် အယ်ကာဆာဒေသနှင့် ဒူဝါအယ်ဂျာမာရက်ဒေသများတွင် ကားဗုံးခွဲတိုက်ခိုက်မှုနှစ်ခုကြောင့် ဆီးရီးယားအရပ်သားများနှင့် တပ်ဖွဲ့ဝင်အများအပြား သေဆုံးသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ (ဝဲပုံ)

ကြေညာ

ဒမတ်စကတ်မြို့တော် ဆီးရီးယားလေတပ်ထောက်လှမ်းရေးဌာနချုပ် အပြင်ဘက်တွင် မော်တော်ကားတစ်စီးအတွင်း ထောင်ထားသည့်ဗုံးပေါက်ကွဲပြီး အခြားဗုံးတစ်လုံးမှာ လုံခြုံရေးရဲအဆောက်အအုံတစ်ခုကို ဖောက်ခွဲခြင်းဖြစ်သည်ဟု ဆီးရီးယားရုပ်မြင်သံကြားက ကြေညာသည်။

ဗုံးဖောက်ခွဲမှုများမှာ အကြမ်းဖက်သမားတို့၏ လုပ်ရပ်ဖြစ်ကြောင်း ဆီးရီးယားနိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက အပြစ်တင်သော်လည်း အသေးစိတ်ကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုပေ။ မြို့တော်ဒမတ်စကတ်နှင့် အခြားမြို့ကြီးများတွင် အကြမ်းဖက်ဗုံးခွဲမှုများ ကြုံရသည်မှာ လွန်ခဲ့သည့်လအနည်းငယ်ကတည်းက ဖြစ်သည်ဟုဆို၏။ (အင်တာနက်)

19-3 (04).pmd 1 3/19/2012, 3:01 AM

မောင်မောင်မြင့်ဆွေ - စုစည်းသည်

ဂျက်လီနဲ့ ပူးတွဲသရုပ်ဆောင်မယ့် တရုတ်ရုပ်ရှင်မင်းသမီး စီဆွီ

ပေကျင်း မတ် ၁၈

တရုတ်ရုပ်ရှင်မင်းသမီး စီဆွီဟာ မကြာခင်မှာ ရုပ်ရှင်မင်းသားဂျက်လီနဲ့ရုပ်ရှင်ကားသစ်တစ်ကားရိုက်ကူးဖို့စီစဉ်နေပြီး အဲဒီဇာတ်ကားဟာ ဒရာမာရုပ်ရှင်ကားဖြစ်ကြောင်း၊ ဂျက်လီနဲ့ ပထမဆုံးတွဲဖက်သရုပ်ဆောင်မယ့် ဇာတ်ကားဖြစ်ကြောင်း မတ် ၁၇ ရက်မှာ သတင်းထုတ်ပြန်လိုက်ပါတယ်။ **(ယာပုံ)**

စတင်ပါဝင်

အသက် ၂၅နှစ်အရွယ်ရှိတဲ့ ရုပ်ရှင်မင်းသမီး စီဆွီဟာ ၂၀၀၅ ခုနှစ်က Jiang Shan Feng Yu Qing as Princess Le An အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲနဲ့ရုပ်ရှင်လောကကို စတင်ရောက်ရှိခဲ့သူဖြစ်ပါတယ်။ တရုတ်နိုင်ငံ ဟူဘေးပြည်နယ် စင်ယန်မြို့သူဖြစ်ပြီး ပေကျင်း တက္ကသိုလ်က အနုပညာဘာသာရပ်နဲ့ ဘွဲ့ရရှိထားသူဖြစ်ပါတယ်။ အနုပညာလောကကိုမဝင်ခင်က ရှီကျီဆန်ယူ အနုပညာအေဂျင်စီမှာ အလုပ်လုပ်ကိုင်ခဲ့ပြီးနောက်ပိုင်း ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေမှာ စတင်ပါဝင် သရုပ်ဆောင်ခဲ့ရာက နာမည်ရရှိလာသူဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်က Ming Men Xi Fu ၊ Xun Ni Dao Tian Ya အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲတွေ ရိုက်ကူးခဲ့ပြီး အခု ၂၀၁၂ခုနှစ်မှာတော့ ကမ္ဘာကျော် ဟောင်ကောင်ရုပ်ရှင်မင်းသား ဂျက်လီနဲ့ ဇာတ်ကားရိုက်ကူးဖို့ စီစဉ်နေခြင်းဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ အသက် ၃၀အောက် ရုပ်ရှင်မင်းသမီးတွေထဲမှာ အောင်မြင်မှုအရှိဆုံးဖြစ်တဲ့ ရုပ်ရှင်မင်းသမီး စီဆွီဟာ ကမ္ဘာကျော် တရုတ်ရုပ်ရှင်မင်းသမီး ဂေါင်လီကိုအားကျနေပြီး နိုင်ငံတကာကို ထိုးဖောက်အောင်မြင်နိုင်မယ့် အနုပညာရှင်တစ်ဦးအဖြစ် ရောက်ရှိအောင် ကြိုးစားမယ်လို့ဆိုပါတယ်။

မကြာမီမှာ ရိုက်ကူးဖို့စီစဉ်နေတဲ့ ရုပ်ရှင်ကားသစ်ကို ဟောင်ကောင်နဲ့ ပေကျင်း၊ ရှန်ဟိုင်းမြို့တွေမှာ ရိုက်ကူးမှာဖြစ်လို့ ဂျက်လီနဲ့စီဆွီတို့ရဲ့ ပူးတွဲသရုပ်ဆောင်မှု ဇာတ်ကားကို ၂၀၁၂ ခုနှစ်ကုန်မှာ ရုံတင်ပြသနိုင်အောင် ကြိုးစားနေပါတယ်လို့ သတင်းမှာဖော်ပြထားပါတယ်။ **(အင်တာနက်)**

မျက်နှာခွဲစိတ်မှုအောင်မြင်ခဲ့သည့် ရုပ်ရှင်မင်းသမီး အက်ရှ်လေဂျက်



လော့စ်အိန်ဂျလိစ် မတ် ၁၈

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အက်ရှ်လေဂျက်သည် မျက်နှာကို ခွဲစိတ်ကုသမှုခံယူပြီးနောက် Missing အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းတွဲ၌ ပါဝင်သရုပ်ဆောင်ရန် စီစဉ်နေပြီဖြစ်ကြောင်း မတ် ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၄၃ နှစ်အရွယ်ရှိ ရုပ်ရှင်မင်းသမီးအက်ရှ်လေဂျက်သည် မျက်နှာပြင်အရေပြားအနည်းငယ် ပျက်စီးမှုရှိလာသဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ခြင်းဖြစ်သည်။ သူမ၏ မျက်နှာပြင်ခွဲစိတ်ကုသမှုမှာ အောင်မြင်မှုရရှိခဲ့ကြောင်း ပထမဆုံးအနေဖြင့် သတင်းထောက်များနှင့် တွေ့ဆုံကာ ထုတ်ဖော်ပြောကြားခဲ့သည်။

ရုပ်ရှင်မင်းသမီး အက်ရှ်လေဂျက်သည် ကနေဒါနွယ်ဖွား အမေရိကန်နိုင်ငံသူတစ်ဦးဖြစ်ပြီး ယခုပါဝင်သရုပ်ဆောင်မည့် Missing အမည်ရှိ ရုပ်မြင်သံကြားဇာတ်လမ်းမှာလည်း ကနေဒါစကားပြော ဇာတ်ကားတစ်ကားဖြစ်သည်။ မိမိသည် ရုပ်ရှင်ကားများကို ဆက်လက်ရိုက်ကူးနိုင်တော့မည်ဖြစ်ကြောင်း အက်ရှ်လေဂျက်က ပြောကြားသည်။ **(အင်တာနက်)**

လီယိုနာဒိုနဲ့ ဇာတ်ကားရိုက်မယ့် ရုပ်ရှင်မင်းသမီး ဗစ်တိုးရီးယားဂျက်စ်တစ်

လော့စ်အိန်ဂျလိစ် မတ် ၁၈

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီးဗစ်တိုးရီးယားဂျက်စ်တစ်နဲ့ ရုပ်ရှင်မင်းသား လီယိုနာဒိုတို့ဟာ The Love ဆိုတဲ့ ဇာတ်ကားသစ်မှာအတူသရုပ်ဆောင်ဖို့အတွက် ယူနီဗာဆယ်ရုပ်ရှင်ကုမ္ပဏီက စီစဉ်နေပြီဖြစ်တယ်လို့ မတ် ၁၈ ရက်မှာ သတင်းထုတ်ပြန်ပါတယ်။

ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသားလီယိုနာဒိုဟာ အချစ်စစ်အချစ်မှန်ကို ရှာဖွေနေတဲ့ ငွေကြေးပြည့်စုံသူတစ်ဦးအဖြစ် သရုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး ဗစ်တိုးရီယားကတော့ ငယ်ရွယ်နုပျိုပြီး သွက်လက်တဲ့ သာမန်ဝန်ထမ်း မိန်းကလေးတစ်ဦးအဖြစ် သရုပ်ဆောင်မှာဖြစ်တာမို့ သူတို့နှစ်ဦးဟာ အလိုက်ဖက်ဆုံး ရုပ်ရှင်မင်းသား မင်းသမီးအတွဲဖြစ်လာမယ်လို့ ယူနီဗာဆယ်ကုမ္ပဏီက ပြောကြားပါတယ်။

ရုပ်ရှင်မင်းသမီး ဗစ်တိုးရီးယားဂျက်စ်တစ် **(ယာပုံ)**ဟာ အသက် ၁၉ နှစ်အရွယ်သာရှိပြီး သရုပ်ဆောင်၊ အဆိုတော်နဲ့ သီချင်းရေးဖွဲ့သူအဖြစ်လည်း အနုပညာလုပ်ငန်းတွေကို တက်တက်ကြွကြွလုပ်ကိုင်နေသူ ဖြစ်ပါတယ်။ အခုရုပ်ရှင်ကားမှာ ရုပ်ရှင်မင်းသားလီယိုနာဒိုနဲ့ တွဲဖက်သရုပ်ဆောင်ရမှာဟာ သူ့ဘဝအတွက် အကောင်းဆုံးအခွင့်အရေးတစ်ရပ်အဖြစ်မှတ်ယူပြီး ကြိုးစားသွားမယ်လို့ ဆိုပါတယ်။

ရုပ်ရှင်မင်းသမီး ဗစ်တိုးရီးယားဂျက်စ်တစ်ဟာ ၂၀၁၂ ခုနှစ်မှာ The Fist Time ဇာတ်ကားမှာလည်း သရုပ်ဆောင်ထားပြီး လက်ရှိအချိန်မှာ သူမပါဝင်သရုပ်ဆောင်ထားတဲ့ Nick News ဆိုတဲ့ ဇာတ်ကား ရုံတင်ပြသနေတာဟာ ဝင်ငွေစံချိန်တင် ရရှိမယ့် အခြေအနေဖြစ်နေပါတယ်။ လောလောဆယ် ပထမသီတင်းနှစ်ပတ်မှာ လက်မှတ်ရောင်းရငွေ အမေရိကန်ဒေါ်လာ သန်း ၃၀ အထိ ရရှိထားတယ်လို့ ဆိုပါတယ်။

မကြာခင်ရိုက်ကူးမယ့် The Love ဇာတ်ကားဟာလည်း ရုပ်ရှင်မင်းသား လီယိုနာဒိုနဲ့ ဗစ်တိုးရီးယား ဂျက်စ်တစ်တို့ ပါဝင်သရုပ်ဆောင်မှာမို့ ဝင်ငွေကောင်းမယ့် ရုပ်ရှင်ကားဖြစ်လာမယ်လို့ သုံးသပ်နေပါတယ်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသမီး ဒေမီမိုး ရုပ်ရှင်ကားသစ်များရိုက်ကူးရန်စီစဉ်နေ

လော့စ်အိန်ဂျလိစ် မတ် ၁၈

အမေရိကန်ရုပ်ရှင်မင်းသမီး ဒေမီမိုး** (ဝဲပုံ)**သည် လေဖြတ်ခြင်း ဝေဒနာခံစားခဲ့ရပြီးနောက် လော့စ်အိန်ဂျလိစ်မြို့ရှိ ဆေးရုံတွင် ဆေးကုသမှု ခံယူနေခဲ့ရာမှ ယခုအခါ သက်သာလာခဲ့ပြီး ဆေးရုံမှပြန်လည် ဆင်းခဲ့ပြီဖြစ်ရာ ဇာတ်ကားသစ်များ၌ ပါဝင်သရုပ်ဆောင်ရန်စီစဉ်နေပြီဖြစ်ကြောင်း မတ် ၁၈ ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၄၉ နှစ်အရွယ်ရှိ ဒေမီမိုးသည် Ghost ဇာတ်ကား၊ Margin Call ဇာတ်ကားများဖြင့် ကမ္ဘာကျော်ရုပ်ရှင်မင်းသမီးတစ်ဦးဖြစ်ခဲ့သည်။ ပြီးခဲ့သည့်နှစ် ဇန်နဝါရီလက ပါတီပွဲတစ်ခုတွင် ရုတ်တရက်လေဖြတ်သည့်ဝေဒနာ ခံစားခဲ့ရပြီးနောက် ဆေးရုံသို့ တက်ရောက်ကာ ဆေးကုသမှုခံယူခဲ့ရခြင်းဖြစ်သည်။

ယခုအခါ ကျန်းမာရေးကောင်းပြီဖြစ်၍ ယူနီဗာဆယ်ကုမ္ပဏီနှင့် ရုပ်ရှင်ကားသစ်ရိုက်ကူးရန် စီစဉ်နေသည်။ ရုပ်ရှင်ကားများ ဆက်လက်ရိုက်ကူးမည်ဖြစ်ပြီး ရုပ်ရှင်မင်းသားအက်ရှတန်ကတ်ချာနှင့် ဇာတ်ကားသစ်၌ တွဲဖက်သရုပ်ဆောင်မည်ဖြစ်သည်။ ဒေမီမိုးတွင် ယခင်ကွာရှင်းခဲ့သော ရုပ်ရှင်မင်းသားဘရုစ်ဝီလ်လီနှင့် သမီးသုံးဦးရရှိကာ သူမသည် သမီးသုံးဦးနှင့်အတူ နေထိုင်လျက်ရှိသည်။ *(အင်တာနက်)*

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ် ချယ်လ်ဆီးတို့ ငါးဂိုး-နှစ်ဂိုးဖြင့်နိုင်ပွဲရ

အာကာဟိန်း
စုစည်းသည်

ချယ်လ်ဆီးမှ မာတာ ထိုးဖောက်ကစားစဉ်။

လန်ဒန် မတ် ၁၈

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မတ် ၁၈ ရက်က ကစားခဲ့သော ချယ်လ်ဆီးနှင့် လက်စ်တာစီးတီးတို့ပွဲတွင် ချယ်လ်ဆီးက ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အိမ်ကွင်းစတန်းဖို့ဒ်ဘရစ်၌ ကစားရသောပွဲဖြစ်ရာ ချယ်လ်ဆီးတို့ အသာစီးဖြင့်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၁၂ မိနစ်မှာပင် ကာဟေးက ချယ်လ်ဆီးအတွက် အဖွင့်ဂိုးသွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲချိန် ၁၇ မိနစ်၌ ကာလူးက တစ်ဂိုးသွင်းယူခဲ့ရာ ပထမပိုင်းပွဲချိန်၌ ချယ်လ်ဆီးတို့ နှစ်ဂိုးအသာဖြင့် ဦးဆောင်နေခဲ့သည်။

ဒုတိယပိုင်းပွဲချိန် ၆၇ မိနစ်၌ တောရက်စ်က တစ်ဂိုးသွင်းယူပြီး ၈၅ မိနစ်၌ တောရက်စ်ကပင် တစ်ဂိုးထပ်မံသွင်းယူခဲ့ရာ ဂိုးပေါက်ပျောက်နေခဲ့သော တောရက်စ်အနေဖြင့် ဝေဖန်ပြစ်တင်မှုများကို ချေဖျက်နိုင်ခဲ့သည်။ ပွဲချိန် မိနစ်၉၀၌ မီရီလက်စ်က တစ်ဂိုးထပ်မံသွင်းယူလိုက်သဖြင့် ချယ်လ်ဆီးတို့ငါးဂိုးရရှိခဲ့သည်။

လက်စ်တာစီးတီးအတွက် ချေပဂိုးနှစ်ဂိုးကို ၇၇ မိနစ်၌ ဘက်ဖို့ဒ်က တစ်ဂိုးနှင့် ၈၈ မိနစ်၌ မာရှယ်က တစ်ဂိုးသွင်းယူခဲ့သဖြင့် ပွဲအပြီး ချယ်လ်ဆီးက ငါးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

မန်ယူတို့ ငါးဂိုးပြတ်သွင်းပြီးနိုင်ပွဲရ တန်းစီဇယားကို ဆက်လက်ဦးဆောင်



မန်ယူတိုက်စစ်မှူး ရွန်နေ ဂိုးသို့ ဂိုးသွင်းယူရန် ကြိုးစားခဲ့သည်။

လန်ဒန် မတ် ၁၈

ပရီမီယာလိဂ်ပွဲစဉ် (၂၉) အဖြစ် ဝုဖ်နှင့်မန်ယူအသင်းတို့ မတ် ၁၈ ရက်ညက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ပထမပိုင်းပွဲချိန်၌ပင် သုံးဂိုးပြတ်သွင်းယူပြီး ပွဲအပြီး၌ ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိကာ တန်းစီဇယားကို ဆက်လက်ဦးဆောင်နေလျက်ရှိသည်။

မန်ယူအတွက် အဖွင့်ဂိုးကို ပွဲချိန်၂၀မိနစ်၌ ထောင့်ကန်ဘောမှတစ်ဆင့် ကာရစ်ချပေးလိုက်သည့် ဘောလုံးကို အီဗန်က မနားတမ်းကန်သွင်းယူခဲ့၍ဂိုးရရှိခဲ့သည်။

မန်ယူတို့ထိုးဖောက်တိုက်စစ်ဆင်မှုကို ဟန့်တားရင်း ဝုဖ်တို့ချေပဂိုးရရှိရေး ကြိုးစားသော်လည်း ပွဲချိန် ၃၉ မိနစ်၌ ဝုဖ်နောက်ခံလူ ဇူဘာနှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသဖြင့် ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။ ထို့နောက် မန်ယူတို့ ဆက်တိုက်တိုက်စစ်ဆင်ခဲ့ရာမှ ပွဲချိန် ၄၃မိနစ်၌ ဗလင်စီယာ မနားတမ်းဘောလုံးဆွဲယူလာပြီး ကန်သွင်းခဲ့ရာမှ မန်ယူတို့ ဒုတိယဂိုးရရှိခဲ့သည်။ တစ်ဖန်ပွဲချိန် ၄၄မိနစ်၌ မန်ယူအတွက် တတိယဂိုးကို ဝဲလ်ဘတ်က သွင်းယူခဲ့သည်။

ဒုတိယပိုင်းပွဲချိန်တွင်လည်း မန်ယူတို့ဆက်တိုက်ထိုးဖောက်ကစားနိုင်ခဲ့ရာ ပွဲချိန် ၅၆ မိနစ်၌ တိုက်စစ်မှူး ဟာနန်ဒက်ဇ်က ခေါင်းတိုက်သွင်းယူခဲ့သဖြင့် မန်ယူတို့စတုတ္ထဂိုးရရှိခဲ့သည်။ ဝုဖ်တို့ချေပဂိုးမသွင်းနိုင်ဘဲ မန်ယူတိုက်စစ်ကိုသာ ဟန့်တားနေခဲ့ရာမှ ပွဲချိန်မိနစ် ၆၀ ၌ ဟာနန်ဒက်ဇ်ကပင် အနီးကပ်ကန်သွင်းယူခဲ့သဖြင့် မန်ယူတို့ ပဉ္စမဂိုးရရှိခဲ့ပြန်သည်။ ထို့နောက် ပွဲချိန်ပြည့်သည်အထိ ဂိုးထပ်မံမသွင်းနိုင်ခဲ့သဖြင့် မန်ယူတို့ ငါးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် ဘော်လ်တန်ကစားသမား မူအမ်ဘီ လဲကျသတိလစ်ခဲ့

လန်ဒန် မတ် ၁၈

အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် မတ် ၁၈ ရက် နံနက်က စပါးနှင့် ဘော်လ်တန်အသင်းတို့ ယှဉ်ပြိုင်ကစားသောပွဲတွင် ပွဲကစားချိန် ၄၁ မိနစ်မှာ ဘော်လ်တန်ကွင်းလယ်ကစားသမား ဖာဘရစ်မူအမ်ဘီဟာ ကစားရင်းလဲကျပြီး သတိလစ်ခဲ့တာမို့ **(ဝဲပုံ)**ကျန်းမာရေး ဝန်ထမ်းတွေရောက်ရှိလာပြီး စစ်ဆေးခဲ့ပြီးတဲ့နောက် လန်ဒန်မြို့ ချက်ဆေးရုံကို အမြန်တင်ပို့ခဲ့ရပြီး ဘောလုံးပွဲကိုလည်း ဖျက်သိမ်းခဲ့ရပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ မူအမ်ဘီဟာ အင်္ဂလန်ယူ-၂၁ ဘောလုံးသမားဟောင်းတစ်ဦးဖြစ်ပြီး ဘော်လ်တန်အသင်းရဲ့ အဓိကကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ကစားနေသူဖြစ်ပါတယ်။ ဆရာဝန်တွေစစ်ဆေးချက်အရ နှလုံးရောဂါကြောင့်လို့ တိတိကျကျမပြောခဲ့ပေမယ့် အန္တရာယ်များတဲ့ ဝေဒနာတစ်မျိုးခံစားနေရတယ်လို့ ဆိုပါတယ်။ မူအမ်ဘီဟာ လောလောဆယ်မှာတော့ အခြေအနေပုံမှန်အတိုင်း ရှိနေပါတယ်လို့ ဆရာဝန်တွေက ပြောကြားပါတယ်။ အဲဒီပွဲမှာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်နေတဲ့အချိန်အခုလို ဖြစ်ပျက်ခဲ့တာမို့ စပါးနဲ့ ဘောလ်တန်ပွဲကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်ပါတယ်။ ဘောလုံးပွဲသမိုင်းတစ်လျှောက်မှာ အင်္ဂလန်ကလပ်အသင်းဘောလုံးသမားတွေ ဘောလုံးကစားရင်း သေဆုံးခဲ့မှုဟာ စုစုပေါင်း ကိုးဦးအထိရှိခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုဘောလုံးကစားရင်းသေဆုံးခဲ့တဲ့ ကစားသမားတွေထဲမှာ ၁၉၀၂ခုနှစ် ဩဂုတ် ၂၇ ရက်က မန်စီးတီး ဘောလုံးသမားဒီဂျုန်း၊ ၁၉၀၇ ခုနှစ် ဧပြီ ၈ ရက်က မန်ယူအသင်းကစားသမား တွမ်မီဘလက်စတုတ်၊ ၁၉၀၈ ခုနှစ်က ရှက်ဖီးလ်ယူနိုက်တက် အသင်းက ဖရန့်လီဗက်၊ ၁၉၁၆ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က အာဆင်နယ်အသင်းကစားသမား အင်ဆင်တို့အပါအဝင် ကိုးဦးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ **(အင်တာနက်)**

❍ ကျောဖုံးမှ

ထို့နောက် တပ်မတော်စစ်သမိုင်းပြတိုက်ဖွင့်ပွဲ ဒုတိယပိုင်းအစီအစဉ်များကို တပ်မတော်(ကြည်း) ပြခန်းဆောင်မုခ်ဦးရှေ့တွင် ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်စစ်သမိုင်းပြတိုက် ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ပက်ဖျန်းပေးသည်။

ဆက်လက်၍ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က တပ်မတော်စစ်သမိုင်းပြတိုက် ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကိုရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များသည် တပ်မတော်(ကြည်း) ပြခန်းဆောင်ရှိ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းတွင်ပြသထားသော ရှေးခေတ်မြန်မာမင်းများအသုံးပြုခဲ့သည့် ပစ္စည်းများ၊ ရှေးမြန်မာမင်းများထွက်တော်မူပုံ ပြသထားရှိမှုများ၊ မွန်သူရဲကောင်း သမိန်ဗရမ်းရုပ်တုနှင့် ကျန်စစ်သားမင်း၏ရုပ်တု၊ ရှေးခေတ်မြန်မာ့တပ်မတော်သုံးပစ္စည်းများ၊ ဝက်ထီးကန်တိုက်ပွဲ၊ ပန်းဝါတိုက်ပွဲ သရုပ်ပြပန်းချီကားများ၊ ရဲဘော်သုံးကျိပ် သွေးသောက်သစ္စာပြုစဉ် အသုံးပြုခဲ့သော စားပွဲနှင့်ကုလားထိုင်များ၊ နယ်ချဲ့တော်လှန်ရေးကာလတွင် မျိုးချစ်ခေါင်းဆောင်များ အသုံးပြုခဲ့သည့် ပစ္စည်းများ၊ ရွှေရတုတပ်မတော်နေ့အထိမ်းအမှတ်စဉ့်အိုး၊ ပြည်ပမှပေးအပ်ခဲ့သော အမှတ်တရလက်ဆောင်ပစ္စည်းများ၊ တပ်မတော်၏ နိုင်ငံတကာဆက်ဆံရေးပြကွက်များ အစရှိသည့် မြန်မာ့တပ်မတော်စတင်ပေါ်ပေါက်လာချိန်မှ မျက်မှောက်ကာလတပ်မတော်အထိ အကြောင်းအရာများ ပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူတို့က ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တပ်မတော်(ရေ)ပြခန်းဆောင်အတွင်းတွင် ရှေးခေတ် မြန်မာ့ရေတပ်၊ ဂျပန်ခေတ် မြန်မာ့ရေတပ်မတော်နှင့် ဒုတိယကမ္ဘာစစ်အတွင်း မြန်မာ့ရေတပ် မှတ်တမ်းဓာတ်ပုံများ၊ စစ်ရေယာဉ်-မေယု လွှဲပြောင်းလက်ခံစဉ် မှတ်တမ်းဓာတ်ပုံများ၊ ဖရီးဂိတ်စစ်ရေယာဉ်-အောင်ဇေယျ၊ ခေတ်အဆက်ဆက် တပ်မတော်(ရေ)အလံများ၊ ဝက်ကော်တိုက်ပွဲ သမိုင်းမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(ရေ)မှ ဆောင်ရွက်ခဲ့သော စစ်ဆင်ရေးများ၊ စစ်ရေယာဉ်များ နိုင်ငံခြားမှလွှဲပြောင်းလက်ခံယူဆောင်လာစဉ် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(ရေ)၏ စစ်ရေယာဉ်များ အစရှိသည့် တပ်မတော် (ရေ)၏ ခေတ်အဆက်ဆက်မှတ်တမ်းများ ပြသထားမှုများကို လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေး ဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်းက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်(လေ) ပြခန်းဆောင်အတွင်းတွင် တာဝန်ထမ်းဆောင်ခဲ့သော လေတပ်ဦးစီးချုပ်များ၏မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ တပ်မတော်(လေ)၏ မူးယစ်ဆေးဝါးနှိမ်နင်းရေးတွင် ပါဝင်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ၊ လေသူရဲမွေးထုတ်ပုံအဆင့်ဆင့် မှတ်တမ်းဓာတ်ပုံများ၊ မာနယ်ပလောတိုက်ပွဲမှတ်တမ်းပန်းချီကား၊ ဝမ်ပန်ဆန်း လေကြောင်းတိုက်ပွဲမှတ်တမ်းပန်းချီကား၊ လေသူရဲအသုံးအဆောင်ပစ္စည်းများ၊ မြန်မာနိုင်ငံ၏ ပထမဆုံး Supersonic တိုက်လေယာဉ် လေသူရဲများ၏ မှတ်တမ်းဓာတ်ပုံများ၊ စီစီဝမ်-တာပန်တိုက်ပွဲမှတ်တမ်းဓာတ်ပုံ အစရှိသည့် တပ်မတော်(လေ)၏ ခေတ်အဆက်ဆက် မှတ်တမ်းများပြသထားရှိမှုများကို လှည့်လည်ကြည့်ရှုကြရာ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြင်ပပြကွက်များတွင်ပြသထားသော ရှေးခေတ်ကြေးသွန်းအမြောက်များ၊ ဒုတိယကမ္ဘာစစ်နှင့် စစ်ပြီးကာလတို့တွင် အသုံးပြုခဲ့သော အမြောက်/ သံချပ်ကာများကိုလည်းကောင်း၊ ရှေးမြန်မာ့တပ်မတော်သုံး ရိုးရာလှေကြီးများ၊ စစ်ရေယာဉ်-ရန်မျိုးအောင်၊ စစ်ရေယာဉ်-အနော်ရထာ၊ စစ်ရေယာဉ်-အောင်ဇေယျပုံစံငယ်တို့အားလည်းကောင်း၊ ခေတ်အဆက်ဆက်တပ်မတော်(လေ) အသုံးပြုခဲ့သော လေယာဉ်များနှင့် အသုံးပြုနေဆဲဖြစ်သော လေယာဉ်များကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)မှ ပြန်လည်ထွက်ခွာသွားကြသည်။

အဆိုပါ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သည် နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် ၂၄၀ အနီးတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် ၆၀၃ ဒသမ ၆၈ ဧက ကျယ်ဝန်းသည်။

ထည့်သွင်းဆောက်လုပ်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)တွင် တပ်မတော်(ကြည်း) ပြခန်း (၆) ဆောင်၊ တပ်မတော် (ရေ) ပြခန်း(၃)ဆောင်နှင့် တပ်မတော်(လေ)ပြခန်း (၃)ဆောင် အပြင် တပ်မတော်(ကြည်း) ဧည့်ကြိုခန်းမဆောင်(၁)ဆောင်၊ တပ်မတော်(ရေ)နှင့် တပ်မတော်(လေ)ဧည့်ကြိုခန်းမဆောင် (၁)ဆောင်စီဖြင့် ပါဝင်ဆောက်လုပ်ထားသည်။ ထို့အပြင် ပြခန်းဆောင်များနှင့်ဆက်စပ်ပြီး တစ်ဆောင်နှင့်တစ်ဆောင် ဆက်သွယ်သွားလာနိုင်သော လျှောက်လမ်းများ၊ နားနေဆောင်များ ပါဝင်တည်ဆောက်ထားပြီး ၎င်းနားနေဆောင်များတွင် စားသောက်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များကိုပါ ထည့်သွင်းဆောက်လုပ်ထားရှိသည်။

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ရှိ တပ်မတော်(ကြည်း)ပြခန်းတွင် ပါဝင်ဖွဲ့စည်းထားသော လက်ရုံးတပ်ဖွဲ့အသီးသီး၏ ပြခန်းများတွင် ခေတ်အဆက်ဆက် မြန်မာ့သမိုင်းကြောင်းတစ်လျှောက် တပ်မတော်(ကြည်း)နှင့် လက်ရုံးတပ်ဖွဲ့များ၏ သမိုင်းကြောင်းများနှင့်ဆောင်ရွက်မှုမှတ်တမ်းများကိုလည်းကောင်း၊ တပ်မတော် (ရေ)ပြခန်းတွင် ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်(ရေ)၏ သမိုင်းမှတ်တမ်းများကို လည်းကောင်း၊ တပ်မတော်(လေ)ပြခန်းတွင် ခေတ်အဆက်ဆက် မြန်မာ့တပ်မတော်(လေ)၏ သမိုင်းမှတ်တမ်းများကိုလည်းကောင်း အားတက်ဖွယ်ရာပြသထားရှိပြီး အဆိုပါ တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)အား ကြည့်ရှုလေ့လာခြင်းဖြင့် မြန်မာ့တပ်မတော်စတင်ပေါ်ပေါက်လာချိန်မှ ယနေ့ခေတ်ကာလအထိ လွတ်လပ်ရေးအတွက် မြန်မာ့တပ်မတော်က ဦးဆောင်ပြီး တိုက်ပွဲဝင်ခဲ့ရပုံ၊ တပ်မတော်၏ သမိုင်းဝင်တိုက်ပွဲကြီးများနှင့် တပ်မတော်၏ ဆောင်ရွက်မှုများကို လူငယ်များနှင့် အများပြည်သူများ လေ့လာပြီး ဗဟုသုတရရှိစေရန်နှင့် လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ရရှိစေရန်ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြင်ဦးလွင်မြို့၏ တောင်တက်လမ်း တစ်နေရာကို တွေ့ရစဉ်။

ယာဉ်မောင်းများ အိပ်ရေးဝဝအိပ်ရန် လိုအပ်

ပြင်ဦးလွင် မတ် ၁၈

ခရီးဝေးမောင်းနှင်ကြသည့် မော်တော်ယာဉ်မောင်းများအနေဖြင့် တောင်တက်လမ်းများ မောင်းနှင်ကြရာ၌ ခရီးပန်းခြင်း၊ အိပ်ရေးမဝခြင်းများအား သတိပြုရှောင်ကြဉ်ကြရန် လိုအပ်လျက်ရှိကြောင်း အဝေးပြေးကားမောင်းနှင်ကြသည့် ယာဉ်မောင်းများက ဆိုသည်။

"ယခုအချိန်က ဘုရားဖူးရာသီဆိုတော့ ကားတွေအဆက်မပြတ်မောင်းနေရတယ်။ ကားအုံနာတွေကလည်း ဘုရားဖူးတွေ ဆက်တိုက်လက်ခံတယ်။ ကားဆရာတွေ မနားကြရဘူး။ အခုပဲ ချောင်းသာကပြန်လာတာနဲ့ ကျိုက်ထီးရိုး၊ ဂိတ်မှမရောက်သေးဘူး အထက်အညာဘုရားဖူး မနားတမ်းသွားလာနေကြရတယ်။ ဒီလိုနဲ့ပဲ ကားဆရာတွေ အိပ်ရေးဝဝမအိပ်ကြရဘူး။ ကောင်းကောင်း အနားမယူကြရတဲ့ အတွက် ကားမောင်းတဲ့အခါ အမှားအယွင်းတွေမကြာခဏဖြစ်လာကြရတယ်။ ကုန်တင်ယာဉ်တွေလည်းအဲဒီလိုပဲ။ အခုပဲ မန္တလေးကနေ ပြင်ဦးလွင်မြို့တက်၊ အခုပြန်ဆင်း မိုးကုတ်တက်၊ မူဆယ်တက်စသည်ဖြင့် မနားကြရဘူး။ ကားမောင်းသမားတွေ ခေါင်းမကြည်တော့ မောင်းတဲ့အခါ ပြဿနာတက်တယ်" ဟု ပြင်ဦးလွင်မြို့သို့ ဘုရားဖူးလိုက်ပို့ပေးရသည့် ကားမောင်းသမားများက သူတို့အတွေ့အကြုံကို ရှင်းပြသည်။

တောင်တက်တောင်ဆင်းလမ်းများသည် အများစုမှာ ညဘက်တွင် မိမိကားမီးရောင်ကိုသာအားကိုးပြီး မောင်းနှင်ကြရသည့်အတွက် ကားများ၏အချက်ပြမီးနှင့် ရှေ့မီးများကို သေချာစွာစစ်ဆေးကြရန်နှင့် ယာဉ်မောင်းနှင်ပါက အိပ်ရေးဝဝ အိပ်ထားကြရန်လိုအပ်ကြောင်း မန္တလေးမြို့ရှိ ကုန်တင်ယာဉ်ပိုင်ရှင်များအား သက်ဆိုင်ရာမှ နှိုးဆော်ထားကြောင်း သိရှိရသည်။ **ခင်လေးမြင့်အောင်**

MRTV-4

၁၉-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၅း၂၀	MRTV-4 သတင်း
၅း၄၀	**ထမင်းစားရင်း ပါရမီဖြည့်မယ်** တရားတော် [ဆရာတော် အရှင်ရာဇိန္ဒ (ရဝေနွယ်-အင်းမ)]
၆း၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အချစ်တေးသံရင်ခုန်သံ** (အပိုင်း-၂၅)
၇း၃၀	MRTV-4 သတင်း
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပန်းသုံးပွင့်လေညှန်းရာ** (အပိုင်း-၁၀၂)
၁၁း၂၅	MRTV-4ရုပ်သံဇာတ်လမ်းတွဲ **ချစ်မေတ္တာဖြင့်လှစေသူ** (အပိုင်း-၁၇)
၄း၀၅	**ဇီဝိတဒါန သွေးလှူဖို့ သွေးအားပြည့်အောင်နေကြစို့** ၄က်ပျောကြော်၊ချစ်သုဝေ၊မိုးယုစံ၊ မီးမီးသုခ (ဒါရိုက်တာ-ကိုရွှေမိုးသက်)

(၆၇)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော ဦးတည်ချက်များကို စွဲမြဲစွာ ခံယူစောင့်ထိန်းရေး၊

☆ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး၊

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် တပ်မတော်၏ အဓိကတာဝန်ဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေး၊

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၈

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို မတ် ၁၇ ရက် နံနက် ၉ နာရီတွင် မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းနှင့် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်ကြူတို့က အမှာစကားပြောကြားကြသည်။

ရှင်းလင်းပြသ

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးမိုးကျော်နှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး လုပ်ငန်းရှင်များ ပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လှည့်လည် ရှင်းလင်းပြသကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကူးစက်ရောဂါကာကွယ်ရေးနှင့် ကျန်းမာရေး အသိပညာပေးစကားဝိုင်းဆွေးနွေးပွဲကို မတ် ၉ ရက်က (၁၃)ရပ်ကွက် သီရိမြိုင်မဏ္ဍပ်၌ ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေစင်ဝင်းနှင့် မြို့နယ်ဆရာဝန် ဒေါက်တာဌေးဌေးလှိုင်တို့ ဆွေးနွေးဟောပြောစဉ်။ (မြန်မာ့အလင်း)

မဖြစ်နိုင်ဘူး ဘဝအမောပြေ

❖ အာကာဟိန်း-ရေးသားသည် ❖

ခဲဖြင့်ပစ်ပေါက်ခံရသော အမျိုးသားကြီးတစ်ဦးက ဒေါသကြီးစွာဖြင့် ခဲဖြင့်ပစ်ပေါက်သည့် ကလေးငယ်၏ဖခင်ထံ လာရောက်တိုင်ကြားလေသည်။

အိမ်နီးချင်း ။ ။	**ခင်ဗျားသား လုပ်ပုံ…သိရဲ့လား။**
ဖခင် ။ ။	ဘာဖြစ်လို့လဲခင်ဗျာ. . .။
အိမ်နီးချင်း ။ ။	**ခင်ဗျားသား… ကျွန်တော့်ကို ကျောက်ခဲနဲ့လှမ်းပေါက်တယ်လေ။**
ဖခင် ။ ။	ဟာ. . . ဟုတ်လား။ ကျွန်တော့်သားက။
အိမ်နီးချင်း ။ ။	**ဟုတ်တယ်…. ဟုတ်တယ်။**
ဖခင် ။ ။	ကျွန်တော်တောင်းပန်ပါတယ်။ သားကို ဆုံးမပါ့မယ်။
အိမ်နီးချင်း ။ ။	**နောက်တစ်ကြိမ်ဆိုရင် သည်းမခံနိုင်တော့ဘူး။**
ဖခင် ။ ။	ဟုတ်ကဲ့ပါ။ နောက်ဆိုရင် ဒီလိုမဖြစ်စေရပါဘူး။ ဒါ့ထက်. . . . ဘယ်နေရာများ ထိသွားသေးလဲ။
အိမ်နီးချင်း ။ ။	**လူကိုမထိလို့ပေါ့ဗျ…။**
ဖခင် ။ ။	ဩော်. . . ဒါဆိုရင်ကျွန်တော့်သားမဟုတ်ဘူးထင်တယ်။
အိမ်နီးချင်း ။ ။	**"ဘာဗျ-"**

တီဘီရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးနှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ၈ ဒသမ ၈ သန်းခန့်ဖြစ်ပွားနေပြီး ၁ ဒသမ ၄၅ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ လျှင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

(၁) မိမိကိုယ်တိုင် နှစ်ပတ်ကျော် ချောင်းဆိုးနေပါက နီးစပ်ရာကျန်းမာရေးဌာနများနှင့် ပြည်သူ့ဆေးရုံများတွင် သလိပ်စစ်ဆေးပါ။

(၂) မိမိပတ်ဝန်းကျင်မှ ချောင်းဆိုးနေသူများကိုလည်း သလိပ်စစ်ဆေးဖြစ်အောင် စည်းရုံးတိုက်တွန်း ကူညီဆောင်ရွက်ပေးကြပါ။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျဆေးသောက်ပါက အမှန်တကယ်ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။

(၄) ကျန်းမာရေးဌာနတိုင်းတွင် သလိပ်စစ်ဆေးနိုင်ပြီး တီဘီရောဂါပျောက်ကင်းသည်အထိ အခမဲ့ကုသပေးလျက်ရှိပါသည်။

(၅) တီဘီရောဂါဖြစ်ပွားသူများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်နေ ဒေါ်အေးရှင်က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာ့ဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေနှင့် ထာဝရဆေးပဒေသာပင် အလှူငွေကျပ် ၁၀သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်တင်နှင့် အတွင်းရေးမှူး ဦးသိန်းအောင်တို့ လက်ခံကြစဉ်။
(သတင်းစဉ်)

ကျောင်းအဆင့်တိုးမြှင့် ခွင့်ပြုလွှာပေးအပ်ပွဲ ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်

နေပြည်တော် မတ် ၁၈

ရပ်မိရပ်ဖများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စည်းလုံးညီညွတ်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ယခင်က မူလတန်းပညာကိုသာ သင်ကြားနိုင်သော်လည်း ယခုဆိုလျှင် အလယ်တန်းပညာကို မိမိကျေးရွာ၌ပင် လေ့လာသင်ယူနိုင်တော့မည်ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့ကျေးရွာ၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း စည်းလုံးညီညွတ်စွာ အတူလက်တွဲပြီး ဆက်လက်ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မတ် ၁၂ ရက်တွင် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ညောင်တွင်း(အနောက်)ကျေးရွာနှင့် ဆယ်ပြားကျေးရွာ အခြေခံပညာကျောင်းများ၌ကျင်းပသည့် ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုသည့် ခွင့်ပြုလွှာပေးအပ်ပွဲအခမ်းအနားတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအဆင့်တိုးမြှင့် ဖွင့်လှစ်ခွင့်ပြုသည့် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုလွှာများကို ကျောင်းအုပ်များထံပေးအပ်ပြီး ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများလှူဒါန်းကာ စေတနာရှင်များကလည်း ပညာရေး ငွေပဒေသာပင်များ လှူဒါန်းကြသည်။ ယင်းနောက် ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၂၀၁၂) ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့

" တစ်သက်တာတီဘီကင်းဝေးရေး၊ အားလုံးပါဝင်ဆောင်ရွက်ပေး "

World TB Day (2012)

" STOP TB IN MY LIFETIME "

မတ်လ (၂၄) ရက် 24th March

၁ဃ ပြီးတော့ ၂ဃ လာတော့မည်

ရန်ကုန် မတ် ၁၈

နှစ် ၄၀၊ နှစ် ၃၀၊ နှစ် ၂၀ သက်တမ်းရှိ ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံခြင်းကို သက်ဆိုင်ရာဌာနက ၂၀၁၁ ခုနှစ် စက်တင်ဘာလက စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ယာဉ်အစီးပေါင်း ၁၄၅၅၁ စီးကို အပ်နှံပြီးဖြစ်ကြောင်း သိရှိရသည်။

အက္ခရာအရ 'စ'နံပါတ် ၁၁၀၄စီး၊ 'ဆ'နံပါတ် ၁၀၆၇စီး၊ 'ဇ'နံပါတ် ၁၇၁၂စီး၊ 'ဈ'နံပါတ် ၁၅၇၉စီး၊ 'ည'နံပါတ် ၁၃၀၂စီး၊ 'ဏ'နံပါတ် ၁၅၃၃စီး၊ 'ထ'နံပါတ် ၂၄၄၃စီး၊ 'ဒ'နံပါတ် ၂၇၉၁စီး၊ 'ဓ'နံပါတ် ၁၀၂၀စီးတို့ အပ်နှံပြီးဖြစ်ကြောင်းလည်း ထပ်မံသိရှိခွင့်ရခဲ့သည်။

ထွက်ပေါ်လာတော့မည်

ယာဉ်အိုယာဉ်ဟောင်း လဲလှယ်ရေးအစီအစဉ်အရ ကားအသစ်များကို ၇ဂ (ခုနစ်ဂငယ်) မှစတင်ထုတ်ပေးခဲ့ရာ ယခု ၁ဃ/နံပါတ်များကိုပင် လမ်းမများပေါ်၌ အစီအရီ မောင်းနှင်နေကြသည်ကို တွေ့မြင်လာရပြီးဖြစ်သည်။ မတ် ၁၇ ရက် (တနင်္ဂနွေနေ့)က နောက်ဆုံးတွေ့လိုက်ရသော ယာဉ်မှာ ၁ဃ/ ၉ ထောင်(ကိုးထောင်) ကျော်နေပြီဖြစ်သည်။ မကြာမီ ရက်ပိုင်းအတွင်း ၂ဃ/. . များ ထွက်ပေါ်လာတော့မည်ဖြစ်သည်။

သတင်းမှတ်စု/ဓာတ်ပုံ–တင်ဝင်းလေး(ကြည့်မြင်တိုင်)

"ပ/. အက္ခရာပြီးရင်တော့ ပထမစီမံချက်တစ်ခုအတွက် ခေတ္တရပ်နားပါ့မယ်။ နောက်စီမံချက်ကတော့ စီမံကိန်းရေးဆွဲလျက်ရှိနေပါတယ်" ဟု မြန်မာ့အလင်းသို့ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

၁ဃ/·· ကိုးထောင်ကျော်မော်တော်ယာဉ်ကို တွေ့ရစဉ်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၉-၃-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၅	ဇာတ်လမ်းတို

ညပိုင်း

၅း၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဟာသလွှင်ပြင်** (အပိုင်း-၈၉)
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သူ့ရဲကောင်းလေး ကျွန်မချစ်သူ** (အပိုင်း-၃)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း (၆၇)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **သားကောင်းမိခင်** (ပထမပိုင်း)

မီးဘေးကြိုတင်ကာကွယ်ရေး ဝမ်းတွင်း၌ စုပေါင်းသရုပ်ပြလေ့ကျင့်

ဝမ်းတွင်း မတ် ၁၈

အမြို့မြို့အနယ်နယ်တွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၈ ရက်က ဝမ်းတွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးလောင်လွယ်သော အမှိုက်သရိုက်များရှင်းလင်းခြင်း၊ မီးချိတ်၊ မီးကတ်၊ သဲ၊ ရေပုံး၊ သဲအိတ်များ စနစ်တကျထားရှိရေးနှင့် မီးလောင်မှု ဖြစ်စဉ်သာဓကများ ရှင်းလင်းဆွေးနွေးပြီးနောက် မီးသတ်ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းပါဝင်သောအဖွဲ့တို့က မီးသတ်ဆေးဘူး များ၊ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်ရေးကို လက်တွေ့သရုပ်ပြ လေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(၄၁၄)

လောကတွင်ရှိနေသည့်အခက်အခဲပြဿနာဟူသမျှကို မေတ္တာဖြင့်သာဖြေရှင်းအောင်မြင်ရာ၏

မြင့်မောင် (ရေစကြို)

လောကသည် ခက်ခဲနက်နဲရှုပ်ထွေးလှ၏။ လောကတွင် အကောင်းနှင့်အဆိုးသည်လည်း အမြဲတမ်းဒွန်တွဲနေ၏။ အပူရှိလျှင် အအေးရှိသကဲ့သို့ အဖြူရှိလျှင်လည်း အမည်းရှိနေပြန်သည်။ ထို့အတူ သုခချမ်းသာမှုနှင့် ဒုက္ခဆင်းရဲမှုကလည်း ပူးတွဲနေပြန်သည်။ ထိုကဲ့သို့ အတွဲလိုက် အတွဲလိုက်၊ အစုံလိုက် အစုံလိုက်ရှိနေခြင်းသည်ကိုက လောက၏နိယာမ သဘောသဘာဝ ဖြစ်သကဲ့သို့ ဖြစ်ပြီးမှန်သမျှ ပျက်စီးနေကြရသည်မှာလည်း အမြဲပြောင်းလဲမှုမရှိသော ပရမတ္ထသစ္စာတရားပင်ဖြစ်ပါသည်။

အရိယာသူတော်စင်တို့မှလွဲ၍ လောကတွင်ရှိနေကြသည့် သတ္တဝါအားလုံးတို့သည် ကိုယ့်ပြဿနာနှင့်ကိုယ် ရှိနေကြမည်မှာ အမှန်မလွဲပါပေ။

လောကအလယ်တွင် ကိုယ်တစ်ယောက်တည်းလည်း မနေတတ်။ အကယ်၍ ကိုယ်တစ်ယောက်တည်း နေလို့ရသဖြင့် နေကြည့်သည့်အခါမှာပင်လျှင် စိတ်ကို အခြေခံ၍ ကိုယ့်ရဲ့ရုပ်သည် ကောင်းတာတွေ လုပ်ဖြစ်နေသလို ဒီစိတ်ကိုပင် အခြေခံ၍ မကောင်းသောစေတနာစိတ်ဝင်လာသည့်အခါ မကောင်းသော အပြုအမူများကို ပြုလုပ်မိပြန်သည်။ ဤစိတ်နှင့် ဤရုပ်တွဲထားသည့်တစ်ယောက်တည်းသော သတ္တဝါသည်ပင်လျှင် ကောင်းတာတွေ လုပ်မိသည့်အခါ ကောင်းကျိုးခံစားရသကဲ့သို့ မကောင်းသော အကုသိုလ်ပြုလုပ်မိသည်ကို အကြောင်းပြု၍ မကောင်းသောအကျိုးများ ခံစားရသည်လည်းရှိ၏။ တစ်ဦးတည်းနေသည်ပင်လျှင် ပြဿနာဤမျှရှိမည်ဆိုပါက တခြားသူများနှင့် ပေါင်းသင်းနေထိုင်ရလျှင် ပြဿနာမျိုးစုံ တွေ့ကြုံရမည်မှာ မလွဲပါ။

ပုထုဇဉ်လူသားဖြစ်သည့် လူဆိုသည့်သတ္တဝါကလည်း ဘယ်တော့မှ တစ်ဦးတစ်ယောက်တည်း နေလို့မရပါ။ အပေါင်းအသင်းတွေ၊ အစုအဖွဲ့တွေ ရှာဖွေစုဖွဲ့နေတတ်ကြပါသည်။ ဤကဲ့သို့ တစ်ယောက်တည်းမနေတတ်သဖြင့် နှစ်ယောက်စုဖွဲ့နေလိုက်သည့် အချိန်မှစပြီး ကိုယ့်ဆန္ဒ သူ့ဆန္ဒမတူညီရာက အစပြု၍ ပြဿနာဆိုတာ ပေါ်ပေါက်လာပါတော့သည်။ ပြဿနာပေါ်သည့်အခါတွင်လည်း အချို့က အကောင်းမြင်ဝါဒဖြင့် ကြည့်ရှုဖြေသိမ့်တတ်ကြသဖြင့် မိမိသူတစ်ပါး နှစ်ဦးသားစိတ်ချမ်းသာမှု ရရှိနိုင်သော်လည်း အချို့ကလည်း အရာရာကို မကောင်းမြင်ဝါဒဖြင့် ကြည့်ရှုတတ်ကြသောကြောင့် ပြဿနာက ဘယ်တော့မှ အေးချမ်းသွားသည်မရှိတော့ပါ။ ထိုအခါ မိမိသူတစ်ပါး နှစ်ဦးစလုံး အမြဲတမ်းပူလောင်နေကြရပါသည်။

တစ်နည်းအားဖြင့် အကောင်းမြင်ဝါဒ မေတ္တာသမားများက အေးချမ်းတည်ငြိမ်စွာ နေကြရသော်လည်း အကောင်းမမြင်တတ်သည့် လောဘ၊ ဒေါသ၊ မောဟစိတ်များကို ဦးစားပေးသူများအတွက်တော့ အမြဲတမ်းအပူမီးများ ဝိုင်းလျက်သာရှိပါသည်။

အထူးသဖြင့် မေတ္တာစိတ်ကင်းမဲ့သော မကောင်းမြင်ဝါဒသမားများသည် အမြဲတမ်းဆန့်ကျင်မှုကိုသာ တွေးတောရှာဖွေနေကြသဖြင့် မည်သူတွေဘာပဲ ကောင်းတာလုပ်လုပ် အကောင်းမမြင်နိုင်တော့ဘဲ ဖီလာဆန့်ကျင်လုပ်နေရသည်ကိုပင် သုခဟုထင်၍ အရသာခံတတ်ကြသူများလည်းရှိပါသည်။ အမှန်တကယ်မှာမူ ဓမ္မဖြင့်ကြည့်ပါက ထိုသူများမှာ သနားစရာကောင်းလှပါသည်။ သို့အတွက် ထိုသူများကိုလည်း ပစ်ပယ်မထားသင့်ပါ။ စိတ်ကောင်းစေတနာဖြင့် ပညာအလင်းပြ ကြင်နာမှုပေးနိုင်မှသာ နှစ်ဦးနှစ်ဝငြိမ်းချမ်းသာယာသည့်အရသာကို ခံစားကြရမည်ဖြစ်ပါသည်။

ထိုထိုသောအမှုကို ဥပမာပြရမည်ဆိုပါသော် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ခက်ခဲကြမ်းတမ်းလှသော အာဠာဝကဘီလူးကြီးအား ကယ်ချွတ်တော်မူခဲ့သောအခန်းကို လေ့လာပါက မေတ္တာအစွမ်းကို ကောင်းကောင်းကြီး သိမြင်လာပါလိမ့်မည်။

အောင်ခြင်းရှစ်ပါးတွင် တစ်ပါးပါဝင်သော အာဠာဝကဘီလူးမင်းအား မြတ်စွာဘုရားချွတ်တော်မူခန်းသည် ဘီလူးကြီးကိုသာ တရားရအောင် ကယ်ချွတ်သည် မဟုတ်ပါ။ အခြားသော သတ္တဝါများကိုပါ ဒုက္ခမှကယ်တင်နိုင်ရန် ဟောကြားသော တရားတော်များ ဖြစ်နေပါသည်။

အာဠာဝကဘီလူးကြီးသည် နှုတ်ကြမ်း၊ ကိုယ်ကြမ်း၊ မာန်မာန ခက်ထန်သကဲ့သို့ ဈာန်တန်ခိုးလည်း အသင့်အတင့်ရှိပါသည်။

ဘီလူးကြီးသည် သူ၏ဈာန်တန်ခိုးဖြင့် ဈာန်ရရသေ့များကိုပင် ကောင်းကင်မှ မြေပြင်သို့ဆွဲချကာ ဓမ္မတရားတော်များကို မေးလေ့ရှိပါသည်။

တရားမေး၍ သူလိုချင်သောအဖြေမရသောအခါ ရသေ့များကို နှိပ်စက်ပြီးမှ ပြန်လွှတ်လေ့ရှိပါသည်။

တစ်နေ့သောအခါ အာဠာဝကဘီလူးကြီးသည် မြတ်စွာဘုရားရှင်နှင့် ပက်ပင်းတိုးပါတော့သည်။ မြတ်စွာဘုရားရှင်ကလည်း အာဠာဝကဘီလူးကြီး ကျွတ်ချိန်တန်ပြီဟု သိမြင်တော်မူသဖြင့် ဘီလူးကြီးရှိရာ ဘုံဗိမာန်သို့ သွားရောက်သီတင်းသုံး နေထိုင်ခဲ့ပါသည်။ ဘီလူးကြီးသည် မြတ်စွာဘုရားရှင်အား သူ၏ဘုံဗိမာန်ပေါ်တွင် တွေ့မြင်လိုက်ရသောအခါ အမျက်ဒေါသ ခြောင်းခြောင်းထွက်၍ နည်းမျိုးစုံဖြင့် အကြမ်းဖက်တိုက်ခိုက်လေတော့သည်။ ဘုရားရှင်၏ မေတ္တာတန်ခိုးတော်ကြောင့် ဘီလူးကြီး၏ အကြမ်းဖက်တိုက်ခိုက်မှုများ မအောင်မြင်သောအခါ အနုနည်းဖြင့် မေးခွန်းမေးနှိပ်စက်သည့်နည်းဗျူဟာကို ယခင်နည်းတူ ပြန်လည်ကျင့်သုံးကြည့်ပြန်ပါသည်။

ထို့ကြောင့် ဘီလူးကြီးသည် သူ၏ ဝါသနာထုံးစံအတိုင်း သူသိလိုသောမေးခွန်းများကို စတင်မေးပါတော့သည်။ ဘီလူးကြီးမေးသော ပထမမေးခွန်းမှာ "လောကတွင် ဘယ်အရာသည် တန်ဖိုးအရှိဆုံးနှင့် တန်ဖိုးအကြီးဆုံးဖြစ်ပါသနည်း"ဟု မေးမြန်းပါသည်။ သာမန်ပုဂ္ဂိုလ်တို့ စဉ်းစားမည်ဆိုပါက စိန်ရွှေရတနာပစ္စည်းဥစ္စာများကိုသာ တန်ဖိုးအကြီးဆုံးဟု မိမိတို့ကြိုက်နှစ်သက်သော ပစ္စည်းတစ်ခုခုဖြင့် ဖော်ပြပြောဆိုပါမည်။

သို့သော် မြတ်စွာဘုရား၏အဖြေကား သာမန်လူသားတွေ အဖြေနှင့်မတူ တစ်မူထူးခြားနေပါသည်။ မြတ်စွာဘုရားက ဖြေကြားသည်မှာ "တန်ဖိုးအရှိဆုံးသောအရာသည် သဒ္ဓါဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လောကလူတွေ တန်ဖိုးထားအထင်ကြီးနေသည့် စည်းစိမ်ဥစ္စာရတနာများသည် ရန်သူမျိုးငါးပါးနှင့်မကင်းပါ။ အချိန်မရွေး ဆုံးရှုံးနိုင်သည်။ ဤပစ္စည်းများကြောင့်ပင် လူတို့စိုးရိမ်ကြောင့်ကြရ၊ အလုအယက် အနှောင့်အယှက်ခံရသဖြင့် ဒုက္ခရောက်ကြရသည်။ သေလျှင်လည်း ပါမသွား၊ ထားရစ်ခဲ့ရသည်။ တစ်နည်းဆိုသော် တစ်ဘဝစာလေး ကျေနပ်သယောင်ရှိသော်လည်း ပစ္စည်းမှပေးသော ဒုက္ခက မိမိရရှိလိုက်သော တစ်ခဏတာ ပီတိထက် ဒုက္ခက အဆပေါင်းများစွာ သာလွန်နေပါသည်။

သဒ္ဓါဆိုသည့် ယုံကြည်ချက်မှာ ခိုင်မြဲသည်၊ ဘယ်သူမှ ခိုးယူလုယက်၍ မရနိုင်။ သဒ္ဓါဟူသည် ကောင်းတာပြုလုပ်လျှင် ကောင်းတာခံစားရမည်ဟူသော ယုံကြည်ချက်ကြောင့် ဒါန ပြုလိုခြင်း၊ သီလဆောက်တည်လိုခြင်း၊ တရားနာလိုခြင်းစသည့် ကုသိုလ်စိတ်များ ဖြစ်ပေါ်လာရသည်။ အားကောင်းသည့် သဒ္ဓါတရားကြောင့် ဘဝအဆက်ဆက် ကောင်းတာတွေအများကြီး ခံစားကြရသည်။ လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရနေကြရသည်။ ထို့ကြောင့် အမြတ်ဆုံးသောဥစ္စာသည် သဒ္ဓါပင်ဖြစ်ပါသည်"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားဖြေဆိုသောအခါ အာဠာဝကဘီလူးကြီးသည် မှန်ကန်သောအဖြေ၊ သူနှစ်သက်သောအဖြေကိုရရှိသဖြင့် ဘာမျှမပြုလုပ်ဘဲ မေးခွန်းကိုသာ ဆက်မေးပါသည်။

အာဠာဝကဘီလူးကြီး၏ ဒုတိယမေးခွန်းမှာ တိုးတက်ကြီးပွားအောင် "ဘယ်သို့သော အကြောင်းအရာများကို ပြုသင့်ပါသနည်း"ဟု မေးမြန်းသောအခါ မြတ်စွာဘုရားက ဖြေကြားသည်မှာ "လောကတွင် တိုးတက်ကြီးပွားလိုလျှင် သူတစ်ပါး၏ပစ္စည်းဥစ္စာများကို နိုင့်ထက်စီးနင်းကြံဆောင်မယူပါနှင့်၊ သူတစ်ပါး ကြီးပွားမှုကိုလည်း မိမိမှပီတိဖြစ်ပါ။ ဓမ္မဟူသော တရားသဖြင့် ကျင့်ကြံအားထုတ်ရှာဖွေသောအမှုကိုပြုပါ။ မကောင်းမှုမှန်သမျှ ရှောင်ကြဉ်ပြီး ကုသိုလ်ကောင်းမှုအမျိုးမျိုးကို ရှာကြံပြုလုပ်ပါ။ ဤကဲ့သို့ တရားသဖြင့် ရရှိထားသော တန်ခိုးအာဏာစည်းစိမ်ဥစ္စာတို့မှာ ခိုင်မြဲပါသည်။ သံသရာတစ်လျှောက်လုံးအတွက် အထောက်အပံ့အဖြစ်ပါသွားပါလိမ့်မည်"ဟု မြတ်စွာဘုရားရှင်က မိန့်ကြားဖြေဆိုသောအခါ ဤသည်ကိုလည်း ဘီလူးကြီးကြိုက်နှစ်သက်လက်ခံပြီး မေးခွန်းကိုသာ ဆက်လက်မေးမြန်းပါသည်။

တတိယမေးခွန်းကတော့ "ဘယ်သို့သော အကြောင်းအရာသည် အရာရာကို အောင်မြင်နိုင်ပါသနည်း"ဟု မေးမြန်းသောအခါ မြတ်စွာဘုရား၏အဖြေမှာ လောကတွင် အရာရာအောင်မြင်နိုင်သည်မှာ မေတ္တာကို အခြေခံသည့် သစ္စာတရားပင်ဖြစ်သည်။ ဥပမာပြရသော် ဘုရားလောင်းငုံးမင်းသည် တောမီးကြီးလောင်၍ သူ့အား မီးဝန်းရံနေသောအခါ သစ္စာပြုပါသည်။ "ငါသည် အတောင်အလက်မစုံသေးသဖြင့် ပျံလည်း မပျံနိုင်ပါ။ ခြေများရှိသော်လည်း နုနယ်သဖြင့် မပြေးလွှားနိုင်သေးပါ။ ငါ့မိဘများသည်လည်း ငါ့ကိုပစ်ပြေးကြပေကုန်ပြီ၊ ဤမှန်သောသစ္စာတရားကြောင့် မီးဘေးမှ ကင်းလွတ်ပါစေသတည်း" ဟု သစ္စာဆို၏။ မှန်ကန်သော သစ္စာစကားကြောင့် မီးဘေးမှ လွတ်ကင်းသွားရပါသည်။

အာဠာဝကဘီလူးကြီး၏အမေးပုစ္ဆာများသည် လောကသတ္တဝါအားလုံးအတွက် တန်ဖိုးကြီးမားလှသကဲ့သို့ မြတ်စွာဘုရား ဟောကြားသော တရားတော်များမှာလည်း တန်ဖိုးမဖြတ်နိုင်လောက်အောင် သတ္တဝါများအတွက် ကျေးဇူးကြီးမားလှပါသည်။

အာဠာဝကဘီလူးကြီးနှင့် မြတ်စွာဘုရားအမေးအဖြေဆုံးသောအခါ ဘီလူးကြီးလည်း မာန်စွယ်ကျိုးပြီး မြတ်စွာဘုရား၏တရားတော်များ နာကြားရသဖြင့် တရားအဆုံးတွင် သူတော်ကောင်း သောတာပန်ဖြစ်သွားပါသည်။ သူတော်ကောင်းစိတ်ဝင်ကာ တရားဓမ္မအားထုတ်ရသောကြောင့် သံသရာအတွက် အာမခံချက်ရှိသော သဒ္ဓါဆိုသည့် သုံးမကုန်သည့် စည်းစိမ်ဥစ္စာများ ရရှိသွားပါတော့သည်။

ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ ဟောကြားသော တရားတော်ကို နာကြားရရာမှ ဤဆောင်းပါးဖြစ်ပေါ်လာရပါသည်။ သံသရာခရီးတွင် သွားလာနေကြရသည့် ပုဂ္ဂိုလ်၊ သတ္တဝါများအတွက် လက်ရှိပစ္စုပ္ပန်လောကတွင်လည်း မိမိဘဝတင့်တယ်၊ သံသရာအတွက်လည်း ကောင်းမှုတွေပါသွားရလေအောင် မိမိတို့တွင် တွေ့ကြုံနေကြရသော ပြဿနာအရပ်ရပ်ကို မေတ္တာကို အခြေခံ၍ ဓမ္မမှန်ကန်သော သစ္စာတရားဖြင့် ဖြေရှင်းပြီး တရားတော်နှင့်ညီသော အလုပ်များကိုသာ လုပ်ဆောင်သွားကြပါစို့ဟု ကုသိုလ်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

ဝန်ခံချက်

စာရေးသူလည်း သာမန်ပုထုဇဉ်လူသားတစ်ယောက်ဖြစ်နေသည့်အတွက် အရာရာကို မေတ္တာမထားနိုင်သေးပါ။ မေတ္တာထားနိုင်အောင် ကြိုးစားနေဆဲပင်ဖြစ်ပါသည်။ ဓမ္မဆိုသည့် သူတော်ကောင်းတရားများသည် တစ်ခါဖတ်ရုံ၊ တစ်ခါကျင့်ရုံဖြင့် ပါရမီရှင်မဟုတ်လျှင် ပြီးပြည့်စုံနိုင်မည်မဟုတ်ပါ။ သို့သော် အကြိမ်ကြိမ်အခါခါဖတ်၊ အကြိမ်ကြိမ်အခါခါ ကျင့်ကြံအားထုတ်မည် ဆိုလျှင်ဖြင့် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် မေတ္တာတရားနှင့်ပြည့်စုံသော သူတော်ကောင်းတစ်ယောက်ဖြစ်လာလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ကြိုးစားဆဲပင်။ ။

◆ ကျောဖုံးမှ

အမှန်တွင် မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင် တစ်နည်းအားဖြင့် သတင်းလောကသမိုင်းကို ပြန်လည်ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် စာပေလောကသားများ၏ တိုင်းပြည်နှင့်လူမျိုးအကျိုး၊ ဘာသာသာသနာအကျိုးများကို နှလုံးရည်ဖြင့် ဆောင်ရွက်ခဲ့မှုများသည် မြန်မာ့သမိုင်းတွင် အထင်အရှားရှိခဲ့ကြောင်း၊ စားသွားထက် ကလောင်သွားထက်သည်ဟု အဆိုရှိသကဲ့သို့ နှစ်ပေါင်း ၂၅၀၀ ကျော်ရှိခဲ့ပြီဖြစ်သည့် နိုင်ငံတော်၏ သက်တမ်းတစ်လျှောက်တွင် စာပေပညာရှင်များ၏ မျိုးချစ်စိတ်မာန် အရင်းခံပြီး ကြိုးပမ်းအားထုတ်ခဲ့မှုများကြောင့် အမျိုးသားရေးအကျိုးစီးပွားများနှင့် အမျိုးသားယဉ်ကျေးမှုအနုပညာအမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းနိုင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်တွင် တပ်မတော်အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်သော ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများကို ပြည်သူများကိုယ်စား စီမံခန့်ခွဲသောစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ကြပြီဖြစ်ကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ကိုလည်းကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ခဲ့မိလျှင် ကြီးစွာသော ပြဿနာကို ဖြစ်ပေါ်စေတတ်ကြောင်း၊ မှားယွင်းသော သတင်းအချက်အလက်များသည် တစ်ပါးသူ၏ စိတ်နှလုံးကို ထိခိုက်စေခြင်း၊ ဂုဏ်သရေညှိုးနွမ်းစေခြင်းတို့ကို ဖြစ်စေတတ်ကြောင်း၊ ပြည်သူများ၏ အမှန်တရားသိပိုင်ခွင့်ကိုလည်း ထိခိုက်ရာရောက်ကြောင်း၊ ထို့ကြောင့် ဂျာနယ်လစ်တိုင်းသည် မိမိတို့ ရေးသားဖော်ထုတ်တင်ပြမည့် သတင်းအချက်အလက်များကို အမှန်ဖြစ်စေရန် အစဉ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သကဲ့သို့ မမှန်ကန်သော သတင်းအချက်အလက်တစ်ခုကို အမှန်ဟုယူဆရန် ဒွိဟသံသယဖြစ်ဖွယ်ရှိနေလျှင် သေချာမှုမရှိဘဲ ဖော်ထုတ်တင်ပြခြင်း မပြုမိကြရန် အထူးအရေးကြီးကြောင်း၊ မှန်ကန်သော သတင်းတစ်ခုဖြစ်အောင် ရရှိသည့်အခြေအမြစ်၊ အကြောင်းအရာများအပေါ် ဘက်စုံထောင့်စုံမှ ဝေဖန်ဆင်ခြင်သုံးသပ်ပြီး ဖော်ထုတ်ရေးသားသွားကြရန် အထူးပင်လိုအပ်ကြောင်း။

ဂျာနယ်လစ်ကျင့်ဝတ်နှင့်ပတ်သက်သည့် ဒုတိယအချက်မှာ လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ တုံ့ပြန်ဖြေရှင်းပြောကြားပိုင်ခွင့် (Right of reply) ပင်ဖြစ်ကြောင်း၊ သတင်းအကြောင်းအရာတစ်ခုကို စာနယ်ဇင်းများက ရေးသားဖော်ပြရာတွင် ပါဝင်သောအချက်အလက်သည် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခု၏ ဂုဏ်သိက္ခာကိုထိခိုက်ခဲ့ပါက ၎င်းပုဂ္ဂိုလ် သော ကျင့်ဝတ်များဖြစ်ကြောင်း မှာကြားလိုကြောင်း။

ထိုအထဲမှာမှ မိမိတို့နိုင်ငံ၏ စတုတ္ထမဏ္ဍိုင်ဟုခေါ်သော ဤစာပေစာနယ်ဇင်းမဏ္ဍိုင်အပေါ် မိမိအနေဖြင့် အမြဲခံယူတိုက်တွန်းနေသော အချက်(၅)ချက်ကို ထပ်လောင်းပြောကြားလိုကြောင်း၊ နံပါတ်တစ်အချက်မှာ စာပေစာနယ်ဇင်းမဏ္ဍိုင်သည် ဘက်မလိုက်ရန်လိုကြောင်း၊ နံပါတ်နှစ်မှာ အကြောင်းအရာတစ်ရပ်ကို ရေးသား ဖော်ပြကြသည့်အခါ ပြည်သူများအနေဖြင့် မှန်မှန်ကန်ကန် သုံးသပ်ဆုံးဖြတ်နိုင်ရန်အတွက် ရှုထောင့်တစ်ခုတည်းကကြည့်ပြီး မရေးဘဲ ဘက်စုံထောင့်စုံ၊ အောက်ကရော၊ အထက်ကရော၊ ဝဲဘက်ကရော၊ ယာဘက်ကရော၊ အရှေ့ကရော၊ အနောက်ကရော၊ ဘက်စုံထောင့်စုံမှ ရေးသားဖော်ပြပေးရန်ဖြစ်ကြောင်း၊ နံပါတ်သုံးမှာ မိမိတို့ ထိုသို့ ရေးသားကြသည့် အခါတွင်လည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့်ဆင်ခြင်တုံတရားကို အမြဲတမ်းယှဉ်တွဲကျင့်သုံးပြီး ရေးသားဖော်ဆောင်ပေးရန်ဖြစ်ကြောင်း၊ နံပါတ်လေးမှာ ယနေ့ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်စွာ တွေးခေါ်နိုင်၊ ယူဆနိုင်၊ ထင်မြင်နိုင်၊ ကွဲပြားနိုင်ခွင့်ရှိကြောင်း၊ သို့သော်လည်း တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ယင်းသို့ ကွဲပြားကြသည့်ကြားမှာ Unity in Democracy ဆိုသည်လည်း

ပထမအကြိမ် အမျိုးသားသတင်းဆု ရရှိကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ဆင်ခြင်တုံတရားရှိသော မဏ္ဍိုင်ကောင်းတစ်ခုဖြစ်လာရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် နိုင်ငံတော် သမ္မတ ဦးသိန်းစိန်က အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာ မိန့်ခွန်းတစ်ရပ်ပြောကြားခဲ့ရာတွင်လည်း စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့် ပတ်သက်ပြီး အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသော ရပ်တည်ချက် သဘောထားကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၃၅၄ အပိုဒ်ခွဲ(က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာဖော်ထုတ်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့်စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် လွတ်လပ်စွာ ဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိကြမည်ဖြစ်ကြောင်း၊ ထိုသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖော်ထုတ်ပြောဆိုခွင့် ရရှိလာကြသော ဂျာနယ်လစ်များသည် စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သော Code of Ethics ကိုလည်း တိကျစွာလိုက်နာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မှုဆိုသည်ကို ကျင့်ဝတ်မြှင့်တင်ထိန်းသိမ်းခြင်းနှင့် စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

စာနယ်ဇင်းကျင့်ဝတ်များကို ကြည့်လျှင် အမှန်တရားကို လေးစားခြင်းနှင့် ပြည်သူတို့၏ အမှန်တရားပိုင်ခွင့်များကို လေးစားခြင်း (Respect for the truth and for the right of public to the truth) ကို လိုက်နာကျင့်ကြံရန်ဆိုသည့် အချက်တစ်ချက်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ တစ်ခါတစ်ရံ မှားယွင်းသော သတင်းအချက်အလက်တစ်ခုကို ဖော်ပြ သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ရှင်းလင်းဖြေကြားခြင်းနှင့် ငြင်းဆိုခြင်းတို့ကို ပြုပိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊ တရားဥပဒေ၌ စွပ်စွဲခံရသူသည် ကာကွယ်ပိုင်ခွင့် Right of defence ရှိသည့်နည်းတူ မတရားစွပ်စွဲ ပြောဆိုရေးသားဖော်ပြခြင်း ခံရမှုမျိုးတွင်လည်း နစ်နာသူက တုံ့ပြန်ရှင်းလင်းခြင်း၊ ငြင်းဆိုခြင်း စသည့် အခွင့်အရေးများ ရှိရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းနှင့်စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် ယခုပြောကြားခဲ့သော အချက်များကို အလေးအနက်ထား ခံယူကျင့်သုံးကြရန်လည်း အထူးလိုအပ်မည်ဖြစ်ကြောင်း။

နောက်အချက်တစ်ချက်မှာ ဂျာနယ်လစ်များအနေဖြင့် အမှန်ကိုဖြေရှင်းတင်ပြရန် တာဝန် (Obligation of correction) ကို လေးစားလိုက်နာကြရမည် ဖြစ်ကြောင်း၊ မိမိရေးသားဖော်ပြခဲ့သော မှားယွင်းသည့်သတင်းအချက်အလက်၊ ကိန်းဂဏန်း၊ သဘောတရား သို့မဟုတ် ရုပ်ပုံကားချပ်တို့အတွက် အမှန်ပြင်ဆင်ချက်ဆိုသည်ကို ထည့်သွင်းဖော်ပြပေးရန် တာဝန်ရှိကြောင်း၊ နိုင်ငံတကာမီဒီယာဥပဒေများတွင် သတင်းနှင့် စာနယ်ဇင်းများက မှားယွင်းမှုအတွက် အနီးစပ်ဆုံးထုတ်ဝေမည့် စာစောင်တွင် အလားတူစာမျက်နှာနေရာ၌ အလားတူစာလုံးအရွယ်အစားဖြင့် ပြင်ဆင်ချက် ပြန်လည်ဖော်ပြပေးရမည်ဟု ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရကြောင်း၊ ယင်းပြဋ္ဌာန်းချက်ကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင်လည်း ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သတင်းအချက်အလက် မှန်ကန်ရေး၊ ပြည်သူတို့၏ ဖြေရှင်းတင်ပြခွင့်ကို လေးစားရေးနှင့် အမှန်ပြင်ဆင်ချက် ပြန်လည် ထည့်သွင်းပေးရေးတို့သည် သတင်းနှင့်စာနယ်ဇင်း ဂျာနယ်လစ်များအတွက် အထူးလိုက်နာ စောင့်ထိန်းအပ်ရှိသင့်ကြောင်း၊ Unity in Democracy ကိုလည်း ဖော်ဆောင်နိုင်အောင် ကြိုးစားရန်လိုကြောင်း၊ နံပါတ်ငါးအနေဖြင့် ထိုကဲ့သို့ Unity in Democracy ဖော်ဆောင်သည့်အခါ၊ ပျိုးထောင်ကြသည့်အခါ အမျိုးသားရေးကိုအခြေခံရန်ဖြစ်ကြောင်း၊ ဤအချက် (၅)ချက်သည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ကို သွားကြသည့်အခါ တိုင်းပြည်အတွက် အရေးကြီးသော စာပေစာနယ်ဇင်းမဏ္ဍိုင်အနေဖြင့် ရှေးရှုလိုက်နာသင့်သည့် အချက်များဖြစ်သည်ဟု အကြံပြုပြောကြားလိုကြောင်း။

အလားတူ စာပေစာနယ်ဇင်းမဏ္ဍိုင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း တစ်ထောင့်တစ်နေရာမှ တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စာပေ၊ ပုံနှိပ်မီဒီယာကဏ္ဍနှင့် ပတ်သက်၍လည်း ခေတ်နှင့်မလျော်ညီတော့သော ဥပဒေများကို အစားထိုးရန် ဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရမည်ဖြစ်ပြီး ဥပဒေသစ် မပေါ်ပေါက်မီ အချိန်အတွင်းတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သဟဇာတဖြစ်သော၊ ပေါ်ပေါက်လာမည့် ပုံနှိပ်မီဒီယာဥပဒေနှင့်လည်း အံ့ဝင်ခွင်ကျဖြစ်သော နယ်ပယ်ကဏ္ဍမျိုးဖြစ်လာအောင် ကြိုတင်မျှော်မှန်း ဆောင်ရွက်လာခဲ့ကြောင်း၊ စာပေစိစစ်ရေးမူဝါဒများကို အဆင့်ဆင့်ပြောင်းလဲကျင့်သုံးရမည့် စီမံချက်မျိုးကို ကြိုတင်မျှော်မှန်းရေးဆွဲခဲ့ကြောင်း။

ထိုစီမံချက်အရ ၂၀၁၁ ခုနှစ် ဇွန်လတွင် ပထမအဆင့်အနေဖြင့် အနုပညာ၊ နည်းပညာ၊ ကျန်းမာရေး၊ ကလေးစာပေနှင့် အားကစားစာပေ ဘာသာရပ်ငါးခုကို လည်းကောင်း၊ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလအတွင်းတွင် စီးပွားရေးနှင့် ဥပဒေ မှုခင်းဆိုင်ရာဘာသာရပ် (၂)ခုကို လည်းကောင်း၊ ၂၀၁၂ ခုနှစ် မတ်လတွင် ပညာရေးဘာသာရပ်ကိုလည်းကောင်း ထုတ်/တင်စနစ်သို့ ပြောင်းလဲကျင့်သုံးပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် တင်ပြပြီးမှ ထုတ်ဝေရသောစနစ်မှာ သတင်းဂျာနယ်များနှင့် ဘာသာရေး(၂)မျိုးသာ ကျန်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ယနေ့အချိန်တွင် ပြည်တွင်း၌ ထုတ်ဝေနေသော ဂျာနယ် ၂၁၂ စောင်အနက် ထုတ်/တင်စနစ် ဂျာနယ်ပေါင်း ၁၃၉ စောင်ရှိပြီး တင်/ထုတ်စနစ် ဂျာနယ် ၇၃ စောင်သာ ကျန်ရှိကြောင်း၊ အလားတူ မဂ္ဂဇင်း ၁၈၉ စောင်အနက် ထုတ်/တင်စနစ် မဂ္ဂဇင်း ၁၂၄ စောင်ရှိပြီး တင်/ထုတ်စနစ်မဂ္ဂဇင်း ၆၅ စောင်သာ ကျန်တော့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း။

အလားတူ ဤဘာသာရပ် (၈)မျိုးနှင့် သက်ဆိုင်သော အထွေထွေဆိုင်ရာစာမူများသည်လည်း ထုတ်/တင် စနစ်ဖြင့် ဆောင်ရွက်နေကြပြီ ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း စာပေ စာနယ်ဇင်းနှင့် ပတ်သက်သော ဥပဒေတစ်ရပ်ကို ရေးဆွဲနေကြောင်း၊ ရေးဆွဲနေသော စာပေစာနယ်ဇင်းဥပဒေသည် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် အာဆီယံနိုင်ငံများမှ ဥပဒေများကို လေ့လာရေးဆွဲခြင်းဖြစ်ကြောင်း၊ ထို့အပြင် ယခုရက်ပိုင်းအတွင်းမှာပင် ပြန်ကြားရေး ဝန်ကြီးဌာနနှင့် UNESCO တို့ပူးပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်၌ ကျင်းပသွားရန်ရှိကြောင်း၊ ထိုဆွေးနွေးပွဲများမှ ရရှိသည့်အကြံဉာဏ်၊ သုံးသပ်ချက်များထဲမှ သင့်လျော်ကောင်းမွန်သော အချက်များကိုလည်း မြန်မာမီဒီယာလောကအတွက် ရယူအသုံးပြုသွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေစာနယ်ဇင်းဆိုင်ရာဥပဒေသည် ယင်းအာဆီယံနိုင်ငံများ၏စံထက် မနိမ့်ကျပါဘူးဆိုသည်ကို အသိပေးပြောကြားလိုကြောင်း။

ထို့အပြင် လက်ရှိအချိန်၌ ဒီမိုကရေစီနိုင်ငံရေး စနစ်သစ်နှင့်အညီ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းများကို ပြုပြင်ပြောင်းလဲဖွဲ့စည်းလျက်ရှိကြောင်း၊ လက်ရှိမြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကြီးကိုလည်း ခေတ်စနစ်များနှင့် လျော်ညီအောင် ပြုပြင်ဖွဲ့စည်းသွားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကို ယခုလ နောက်ဆုံးပတ်တွင် ကျင်းပမည်ဟု သိရှိထားကြောင်း၊ ယခုတက်ရောက်လာကြသော စာရေးဆရာကြီးများ၊ သတင်းစာ ဆရာကြီးများ အပါအဝင် စာပေလောကအကျိုးကို လိုလားသူများ၊ စာပေဆိုင်ရာ အသိပညာရှင်၊ အတတ်ပညာရှင်ကြီးများကလည်း ခေတ်နှင့်အညီ စာပေနှင့်သက်ဆိုင်သော အဖွဲ့အစည်းများ ပီပီပြင်ပြင် ပေါ်ထွက်လာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု ပြောကြားလိုကြောင်း။

အမျိုးသားအဆင့် သတင်းဆုများ ရရှိကြမည့် သတင်းမီဒီယာများ၊ တစ်ဦးချင်းဆုရရှိကြသူများ အနေဖြင့်လည်း ယခုကဲ့သို့ နိုင်ငံအကျိုး၊ ပြည်သူအကျိုးအခြေခံသော သတင်းလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ပါစေဟု ဆုတောင်းပါကြောင်း၊ အလားတူ မြန်မာ့ဒီမိုကရေစီလူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်စွမ်းသမျှ ဆောင်ရွက်နေကြသော သတင်းမီဒီယာ လောကသားများ အားလုံး၏ ကြိုးပမ်းအားထုတ်မှုများကိုလည်း အသိအမှတ်ပြုကြောင်း ပြောကြားလိုပါကြောင်း၊ ဒီမိုကရေစီမြန်မာ့လူ့အဖွဲ့အစည်း ရှင်သန်တည်တံ့နိုင်ရေးအတွက် သိက္ခာရှိသော၊ အရည်အချင်းရှိသော၊ စစ်မှန်သော စတုတ္ထမဏ္ဍိုင်ကို ဝိုင်းဝန်းတည်ဆောက်အကောင်အထည်ဖော်ပေးကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားသတင်းဆုကော်မတီဥက္ကဋ္ဌ ဦးစိုးသိမ်း (မောင်ဝံသ)က အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားသတင်းဆုများကိုချီးမြှင့်ရာ အမျိုးသားသတင်းဆုကော်မတီနာယက စာရေးဆရာဖိုးသောကြာက "နိုင်ငံအနာဂတ်သစ်အတွက် အစပျိုးခြင်း" ဖြင့် အကောင်းဆုံးသတင်းဆု ရရှိကြသော ကုမုဒြာဂျာနယ်မှ နန်းလွင်၊ အေးသီရိဝင်း၊ နှင်းရတနာဖော်နှင့် ဝင့်ဝတီတို့အား လည်းကောင်း၊ ကော်မတီဥက္ကဋ္ဌ ဦးစိုးသိမ်း (မောင်ဝံသ)က " လက်နက်ကိုင်အရေး စားပွဲဝိုင်းပေါ်ရောက်ပြီလား"ဖြင့် အကောင်းဆုံးသတင်းဆောင်းပါးဆုရ 7 Day News ဂျာနယ်မှ ငြိမ်းငြိမ်းနိုင်အား လည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက "အငြိမ်းစားဝန်ထမ်းပင်စင်နှင့် နိုင်ငံရေးပင်စင်အရွှေ့ (သို့မဟုတ်) နေညိုချိန်တိမ်တောက်ခြင်း"ဖြင့် အကောင်းဆုံး သတင်းဓာတ်ပုံဆုရ Popular News ဂျာနယ်မှ အောင်နိုင်စိုးအား လည်းကောင်း၊ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့ဝင် ဦးရွှေမင်းသားက "ပုံပြင်ထဲက လိုတော့" အကောင်းဆုံးသတင်းကာတွန်းဆုရ True News ဂျာနယ်မှ သီဟ(စခန်းသစ်)အား လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က "နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခြင်း" သတင်းဓာတ်ပုံဖြင့် အထူးခြားဆုံး အမျိုးသားသတင်းဓာတ်ပုံဆုရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ အကြီးတန်းသတင်းထောက်(ဓာတ်ပုံ) မောင်မောင်သန်း (ကော့မှူး)အား လည်းကောင်း ဆုများချီးမြှင့်ကြပြီး ဆုရရှိသူများက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြသည်။

ဆက်လက်၍ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က အမျိုးသားသတင်းဆုကော်မတီ Logo ပြိုင်ပွဲတွင် ဆုရရှိသူ ချိုဇော်အောင်အား လည်းကောင်း၊ ဦးစိုးသိမ်း (မောင်ဝံသ)က အမျိုးသားသတင်းဆုကော်မတီဆု ရုပ်တုဆုရ ဦးဆန်နီညိမ်းအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် အလှူငွေများ လှူဒါန်းကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၀၀၊ ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်)က ငွေကျပ်သိန်း ၅၀၊ ကမ္ဘောဇဘဏ်လီမိတက်၊ ဧဒင်ကုမ္ပဏီလီမိတက်နှင့် Messenger ဂျာနယ်တို့က ငွေကျပ် ၂၅ သိန်းစီ၊ Asian Fame Media Group နှင့် Myanmar Album Media Services Co., Ltd. တို့က ငွေကျပ်သိန်း ၂၀ စီ၊ Hot News ဂျာနယ်နှင့် 7 Day News ဂျာနယ်တို့က ငွေကျပ် ၁၅ သိန်းစီ၊ ရန်ကုန်မီဒီယာဂရု(ပ်)နှင့် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့တို့က ငွေကျပ် ၁၀ သိန်းစီ၊ The Voice ဂျာနယ်က ငွေကျပ်သုံးသိန်းနှင့် Artman Media Group က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)နှင့် အမျိုးသားသတင်းဆုကော်မတီ ဘဏ္ဍာရေးမှူး ဒေါ်နန်းကလျာဝင်းတို့က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် အလင်္ကာဝတ်ရည် တေးဂီတအဖွဲ့၊ တယောဦးတင်ရီအဖွဲ့နှင့် ဖိုးချစ်အဖွဲ့တို့က တေးသံသာများ၊ အော်ပရာနှင့် နှစ်ပါးသွားအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(သတင်းစဉ်)

ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေ၌ တွင်းသစ်အမှတ်(၄၈)တူးဖော်ပြီးစီး

သဲကြောများ သေနတ်ဖောက်ထုတ်လုပ်စမ်းသပ်ခြင်းလုပ်ငန်းဆောင်ရွက်

ရန်ကုန် မတ် ၁၈

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် တွင်းသစ်တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ညောင်တုန်းရေနံနှင့် သဘာဝဓာတ်ငွေ့မြေတွင် တွင်းသစ်အမှတ် (၄၈)ကိုတူးဖော်ပြီးစီး၍ သဲကြောများ သေနတ်ဖောက်ထုတ်လုပ်စမ်းသပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးသည် ယနေ့နံနက်ပိုင်းတွင် ညောင်တုန်းရေနံမြေသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ရေနံမြေရှင်းလင်းဆောင်၌ ရေနံမြေမန်နေဂျာက တွင်းတူးဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ထုတ်လုပ်ရေးဌာန ညွှန်ကြားရေးမှူး ဦးနေဝင်းက တွင်းသစ်အမှတ်(၄၈)၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်သော အနက်ပေမတူသည့် သဲကြောနှစ်ကြောအတွင်းမှ သီးခြား အပြိုင်ထုတ်လုပ်နိုင်မည့် အခြေအနေရှိသဖြင့် Casing ပိုက်ပိတ်ကိရိယာ (Packer) ကို အနက်ပေ(၁၀၀၈၀)တွင် အောင်မြင်စွာ တပ်ဆင်ပြီး ပထမသဲကြောမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို Tubing Pipe မှ လည်းကောင်း၊ ဒုတိယသဲကြောမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို Casing Pipe မှလည်းကောင်း တစ်ပြိုင်တည်း အောင်မြင်စွာထုတ်ယူနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးက ညောင်တုန်းရေနံမြေတွင် တွင်းသစ်များထပ်မံတူးဖော်သွားနိုင်မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ စွမ်းအင်လိုအပ်ချက်ကို တိုးမြှင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နည်းလမ်းမျိုးစုံသုံး၍ အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဝန်ထမ်းများအား ချီးကျူးဂုဏ်ပြုပါကြောင်းနှင့် တိုးတက်ထုတ်လုပ်၍ရရှိလာသော ရေနံနှင့် သဘာဝဓာတ်ငွေ့များကို လေလွင့်မှုမရှိအောင် ထိန်းသိမ်းကြရန်၊ နိုင်ငံတော်ပိုင်းမှ ဝန်ထမ်းများ၏ လိုအပ်ချက်ကို ကြိုးစားဖြည့်ဆည်းပေးလျက်ရှိရာ ဝန်ထမ်းများကလည်း မိမိတို့ကိုပေးအပ်ထားသည့် တာဝန်များအား ကျေပွန်အောင် ထမ်းဆောင်ကြရန် လိုကြောင်းဖြင့် ဆွေးနွေးမှာကြားပြီး တွင်းအမှတ် (၄၈) အား အောင်မြင်စွာ တူးဖော်ခဲ့သော ဝန်ထမ်းများနှင့်သဲကြောနှစ်ခုမှ အပြိုင်ထုတ်ယူနိုင်အောင်ကြိုးကြပ် ဆောင်ရွက်ခဲ့သူတို့အား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တွင်းနေရာသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ပေတိမ်ရေနံတွင်းများ၌သာ သဲကြောနှစ်ခုမှ အပြိုင်ထုတ်လုပ်သည့်နည်းစနစ်ကို အသုံးပြုနိုင်ခဲ့ပြီး ပေနက်တွင်းများ၌ ယခုအကြိမ်သည် ပထမဦးဆုံး စမ်းသပ်အသုံးပြုခြင်းဖြစ်ကာ ထိုသို့အသုံးပြုခြင်းဖြင့် တွင်းတစ်တွင်းတည်းမှ ရေနံနှင့်သဘာဝဓာတ်ငွေ့ကို နှစ်တွင်းစာခန့်အထိ ထုတ်လုပ်လာနိုင်ခဲ့သဖြင့် တစ်နေ့လျှင် ရေနံ ၇၅ စည်နှင့် သဘာဝဓာတ်ငွေ့ (၉ ဒသမ ၁) ကုဗပေသန်း ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ပြည်ထောင်စုဝန်ကြီးသည် ညောင်တုန်းသဘာဝဓာတ်ငွေ့ကိုအသုံးပြု၍ ရေနံဓာတ်ငွေ့ရည် ထုတ်လုပ်လျက်ရှိသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံဓာတ်ငွေ့ရည်စက်ရုံ (ညောင်တုန်း)ကိုလည်း သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးနှင့်တာဝန်ရှိသူများက ထုတ်လုပ်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီးက စက်ရုံ၏ ကုန်ထုတ်လုပ်မှုတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်၍ ထုတ်ယူရရှိသော ရေနံဓာတ်ငွေ့ရည်များကို အမျိုးအစားလိုက် အန္တရာယ်ကင်းစွာ သိုလှောင်ဖြန့်ဖြူးပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၁၈ ရက်က လှိုင်မြို့နယ် အမှတ် (၃)ရပ်ကွက်၌ သာသနာနုဂ္ဂဟအသင်းက ကြီးမှူးဖွင့်လှစ်သော ဗုဒ္ဓဘာသာအခြေခံ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို (၁၁) လမ်း မွှောရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ သီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်ခင်မြင့်က သင်တန်းသား ၈၀ အတွက် သင်ရိုးညွှန်းတမ်းစာအုပ်လှူဒါန်းသဖြင့် အမှတ် (၃) ရပ်ကွက် သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။ (၁၂၂)

ပြည်ထောင်စုနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ဆောက်ဖွင့်လှစ်ပေးထားသော အဆင့်မြင့်ပညာနှင့် နည်းပညာတက္ကသိုလ်များ

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာများ သင်ကြားနိုင်ရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (တာဝ)(အပေါ်ပုံ)နှင့် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (အပေါ်ယာပုံ)တို့ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်ပညာရှင်များ ပေါ်ထွန်းလာစေရန် တည်ဆောက်ဖွင့်လှစ်ထားသော ဒဂုံတက္ကသိုလ်(ယာပုံ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အဆင့်မြင့်နှင့် ကွန်ပျူတာပညာရှင်များ ပေါ်ထွန်းလာစေရန် တည်ဆောက်ဖွင့်လှစ်ပေးထားသော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(အောက်ပုံ)ကို တွေ့ရစဉ်။

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သီလဝါစက်မှုနယ်မြေ၌ တည်ဆောက်ဖွင့်လှစ်ပေးထားသော ရေကြောင်းပညာတက္ကသိုလ်(အောက်ဆုံးပုံ)ကို တွေ့ရစဉ်။

- ❒ နိုင်ငံတော်က ပညာရေးတိုးတက်မြင့်မားလာအောင် မြှင့်တင်ဆောင်ရွက်ပေးမှုကြောင့် တောင်ပေါ်မြေပြန့်တစ်ခွင်တွင် ပညာသင်ကြားမှုအခွင့်အလမ်းများ ပွင့်လန်းနေသည်ကို တွေ့ရှိနိုင်သည်။
- ❒ အခြေခံပညာကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးတိုင်း မူလတန်းပညာ အခမဲ့သင်ယူနိုင်ခွင့်၊ ထိုမှတစ်ဆင့် အလယ်တန်း၊ အထက်တန်းပညာအထိ သင်ကြားနိုင်ခွင့်များ ညီမျှစွာဖြစ်ထွန်းအောင် လမ်းဖွင့်ဆောင်ရွက်ပေးလျက်ရှိသည်။
- ❒ အဆင့်မြင့်ပညာကဏ္ဍ၌လည်း ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ် စသည်တို့ကို ဖွင့်လှစ်ပေးထားသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ရခိုင်ပြည်နယ်သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ် စိုက်ထူ

စစ်တွေ မတ် ၁၈

ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမပန်းခြံဝင်း အရှေ့ဘက်၌ မြန်မာနိုင်ငံ နယ်စပ်နှင့် တောင်တန်းဒေသထေရဝါဒဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ရခိုင်ပြည်နယ်ကကြီးမှူး၍ ဗုဒ္ဓဘာသာ သာသနာနုဂ္ဂဟအသင်း ဆိုင်းဘုတ်စိုက်ထူပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၉ နာရီက ကျင်းပရာ အဆိုပါစိုက်ထူပွဲသို့ ပြည်နယ်သာသနာနုဂ္ဂဟအသင်း ဩဝါဒါစရိယ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ဌာန ခေမာမဏ္ဍိုင် ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိသုဒ္ဓ တက်ရောက်ချီးမြှင့်ပြီး ပြည်နယ်သာသနာနုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးရွှေဘသိန်းနှင့် အမှုဆောင်ကော်မတီဝင်များ၊ ပြည်နယ်သာသနာရေးမှူးရုံး ဝန်ထမ်းများ၊ဖိတ်ကြားထားသည့်ဧည့်သည်များ တက်ရောက်စိုက်ထူခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြန်မာ့အလင်း)**

ပေးအပ်လှူဒါန်း

မတ် ၁၀ ရက်က ရန်ကုန်မြို့ လေးဒေါင့်ကန်နေ ဒေါ်ခင်ငြိမ်း မိသားစုက ကျောက်တန်းမြို့ ဘိုးဘွားရိပ်သာ ငွေပဒေသာပင်နှင့် ဘိုးဘွား နာမကျန်းဆောင်အတွက် အလှူငွေကျပ် နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးမှူး ဦးမြင့်အောင် လက်ခံယူစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာ့အလင်း သတင်းမှတ်စု

မြေငလျင်(သို့မဟုတ်) သဘာဝဘေးဆိုး

တိုး-ရေးသားသည်

လူသား၏ နေ့စဉ်နေထိုင်မှုဘဝကို ခြိမ်းခြောက်လာသည့် အဆိုးဆုံး သဘာဝဘေးအန္တရာယ်တစ်ခုကို ပြပါဆိုလျှင် မြေငလျင်ဘေးဆိုးကို ဆွဲပြရမည်ဖြစ်သည်။

မြေငလျင်လှုပ်သည့်အတွက် ထိုအရပ်၊ ထိုဒေသရှိလူများ သို့မဟုတ် တောရိုင်းတိရစ္ဆာန်များ ဆိုးကျိုးများကို နောက်ဆက်တွဲခံစားကြရသည်။ မြေငလျင်ကြောင့် လူနေအဆောက်အအုံများ ပြိုကျခြင်း၊ မီးလောင်ခြင်း၊ ဆူနာမီ ဒီရေလှိုင်းကြီးများ တက်လာခြင်း၊ မီးတောင်များ ပေါက်ကွဲခြင်း စသည့် ဆက်စပ်ဖြစ်စဉ်များဖြစ်ပေါ်လာကာ အသက်၊ အိုးအိမ်စည်းစိမ်များ ဆုံးရှုံးပျက်စီးရတတ်သည်။

မြေငလျင်သမိုင်း၏ အရေးပါသော မကြာမီကာလမြေငလျင်များကိုကြည့်လျှင် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အိန္ဒိယသမုဒ္ဒရာအတွင်း အင်အား ရစ်ချ်တာစကေး ၉ ဒသမ ၁ အဆင့်ရှိ မြေငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၂၂၉၀၀၀ကျော် အသက်ဆုံးရှုံးရမှု၊ ၂၀၀၅ ခုနှစ် ပါကစ္စတန်၌ အင်အား ရစ်ချ်တာစကေး ၇ ဒသမ ၆ရှိ မြေငလျင်ကြောင့် လူ ၇၉၀၀၀ ကျော် သေဆုံးမှု၊ ၂၀၀၈ ခုနှစ် တရုတ်နိုင်ငံ စီချွမ်ပြည်နယ်တွင် အင်အား ရစ်ချ်တာ စကေး ၇ ဒသမ ၉ ရှိ မြေငလျင်ကြောင့် လူပေါင်း ၆၁၁၅၀ သေဆုံးရမှု၊ ပြီးခဲ့ သည့်နှစ်က ဂျပန်နိုင်ငံ၌ အင်အားပြင်း ငလျင်လှုပ်ပြီး ဆူနာမီ ဒီလှိုင်းကြီးများပါ ပေါ်ပေါက်လာပြီး ဖူကူရှီးမား ဒိုင်အီချီ နျူကလီးယား စက်ရုံပါ ဖျက်ဆီးပစ်လိုက်သည့် မြေငလျင်နှင့် နယူးဇီလန်နိုင်ငံမှ ခြောက်ထပ်အဆောက်အအုံ ပြိုကျစေပြီး လူ၁၁၅ ဦးသေဆုံးခဲ့ရသည့် မြေငလျင် ဖြစ်စဉ်များကို အနီးကပ်ဆုံး တွေ့ရမည်ဖြစ်သည်။

ထို့ပြင် မတ် ၁၆ ရက် ညနေ ၃ နာရီ ၅၈ မိနစ်ခန့်က ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း ဆူရီဂါအိုမြို့တွင် ရစ်ချ်တာစကေး ၅ ဒသမ ၉ အဆင့်ရှိ ငလျင်လှုပ်ခဲ့ရာ ဂိုင်ဆာနိုဈေးကြီးအတွင်း ဈေးဝယ်သူများ ကြောက်လန့်တကြား စုပြုံပြေးထွက်မှုကြောင့် လူ ၄၅ ဦးခန့် ဒဏ်ရာရရှိခဲ့သည်။ လူများ သတိလက်လွတ်ပြေးထွက်ကြမှုကြောင့် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံ စူမားတြားပြည်နယ်တွင် မတ် ၁၇ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၄ နှင့် ၅ ဒသမ ၆ အဆင့်ရှိ ငလျင်နှစ်ခု အချိန်အနည်းငယ်ခြားပြီး လှုပ်ခဲ့သည်။ သေဆုံးဒဏ်ရာရရှိမှု မရှိခဲ့သော်လည်း ပစိဖိတ် ငလျင်ရပ်ဝန်းအတွင်းရှိ နိုင်ငံများမှာ ငလျင်လှုပ်မှု အမြကြုံတွေ့နေရမှုကို ပြသလျက်ရှိသည်။

ကမ္ဘာ့သမိုင်း၌ အင်အားပြင်းငလျင်အများဆုံးလှုပ်သည့် ဒေသမှာ ပစိဖိတ်သမုဒ္ဒရာအနားသတ် နိုင်ငံများတွင်ဖြစ်သည်။ အထူးသဖြင့် အီရန်၊ အင်ဒိုနီးရှား၊ တရုတ်၊ ဂျပန်၊ ဖိလစ်ပိုင်၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ ဗင်နာတူနှင့် ပစိဖိတ်ကျွန်းနိုင်ငံများဖြစ်သည်။

ပင်လယ်သမုဒ္ဒရာ ကြမ်းပြင်အောက် မီးတောင်ပေါက်ကွဲမှု၊ မြေအောက်ပြတ်ရွေ့လွှာကြီးများတွန်းတိုက်မှု စသည်တို့ကြောင့် အင်အားပြင်းငလျင်များ ဖြစ်ပေါ်လာလေ့ရှိသည်။ ထိုသို့ အင်အားပြင်း ငလျင်ဒဏ်ကြောင့် ပင်လယ်ပြင် တွင် ကြောက်မက်ဖွယ် ဆူနာမီရေလှိုင်းကြီးများ ဖြစ်ပေါ်လာပြီး ကမ်းခြေနှင့် ကုန်းတွင်းရှိ လူနေအိမ် တိုက်တာ၊ အဆောက်အအုံများ၊ မော်တော်ကား စသည်တို့ကို ချေမှုန်းဝါးမျိုလေ့ရှိသည်။

ငလျင်နှင့် ဆူနာမီဘေးမှ ကာကွယ်နိုင်ရန်နှင့် ရှောင်တိမ်းနိုင်ရန် ပြည်သူများအနေဖြင့် ငလျင်နှင့် ဆူနာမီဆိုင်ရာ ဗဟုသုတများ သိရှိရန် လိုအပ်သည်။ ထိုဘေးအန္တရာယ်များဖြစ်ပေါ်လာပါက စိတ်တည်ငြိမ်မှုမရှိ ပြေးလွှားနေပါက အသက်အန္တရာယ် ဆုံးရှုံးနိုင်သည်။ သဘာဝဘေး အန္တရာယ်ကို လူတို့ အသိဉာဏ်ဖြင့် ရှောင်တိမ်းနိုင်သည်။ ဤသဘာဝဘေးကိုကြုံလာလျှင် ရင်ဆိုင်နိုင်ရန် အဆောက်အအုံများကို ခေတ်မီနည်းစနစ်များဖြင့် ငလျင်ဒဏ်ခံနိုင်အောင်ဆောက်ရန်လိုအပ်သည်။မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရန်လိုသည်။

မြေငလျင်လှုပ်လျှင် အဆောက်အအုံအပြင်သို့ အမြန်ဆုံးရောက်ရှိအောင် ကြိုးစားခြင်း သို့မဟုတ် ခိုင်ခံ့သည့်စားပွဲ သို့မဟုတ် ခုံအောက်တွင် ဝင်ပြီး ငလျင်လှုပ်ပြီးသည်အထိ စောင့်ဆိုင်းခြင်းတို့ကို အကျင့်လုပ်ထားသင့်သည်ဟု သိပ္ပံပညာရှင်များ အသိုက်အဝန်းက အကြံပြုထားပါကြောင်း။ ။

ပြီးခဲ့သည့်နှစ် ဂျပန်နိုင်ငံတွင် ငလျင်နှင့်ဆူနာမီဒဏ် ကြုံတွေ့ခဲ့စဉ်က ဤသို့ ပျက်စီးခဲ့ရသည်။

အစုလိုက် ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း တပ်ကုန်းမြို့နယ်၌ အသိပေးရှင်းလင်း

နေပြည်တော် မတ် ၁၈

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်း မြို့နယ်အဆင့် အသိပေးရှင်းလင်းပွဲကို မတ် ၁၅ ရက် နံနက် ၁၀ နာရီက တပ်ကုန်းမြို့နယ် အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် တပ်ကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးလှုက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းက အစုလိုက်ဝက်သက်ရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်း၂၀၁၂ခုနှစ်နှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။ ထိုးပြီးသည်ဖြစ်စေ၊ ဝက်သက်ရောဂါဖြစ်ဖူးသည် ဖြစ်စေ၊ မဖြစ်ဖူးသည်ဖြစ်စေ ယနေ့ပြုလုပ်မည့် အစုလိုက်ဝက်သက်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် လာရောက်ထိုးနှံရမည်ဖြစ်ကြောင်း၊ အသက်ကိုးလမှ ငါးနှစ်အတွင်း ကလေးငယ်များ အားလုံးကို မတ် ၂၂ ရက်မှ ၃၁ ရက်အထိ နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ ရပ်ကွက်တိုင်းနှင့် ကျေးရွာတိုင်းတွင် ခန့်မှန်းကလေးပေါင်း ၂၀၇၅၇ဦးကို ဝက်သက်ကာကွယ်ဆေးထိုးပေးမည်ဖြစ်ကြောင်းသိရှိရသည်။ **(၁၆၂)**

မြန်မာ့အလင်း မှုခင်းသတင်း

မိတ္ထီလာ၌ နှစ်လုံးထီရောင်းသူအား ဖမ်းဆီး

မိတ္ထီလာ မတ် ၁၈

မိတ္ထီလာခရိုင် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲအုပ် ဇင်ကိုကိုသည် ပြည်သာယာမြောက်ရပ်ကွက် တာဝန်ရှိသူများနှင့်အတူ မတ် ၁၄ ရက်က ပြည်သာယာမြောက်ပိုင်း ၄-၅ လမ်းကြားရှိ မျိုးဝင်းထွန်းအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီလောင်းကစားသည့် စာရွက်စာတမ်းနှင့်အတူ နှစ်လုံးထီရောင်းရငွေကျပ် ၄၈၆၀၀ ကို သက်သေများရှေ့မှောက်တွင် ဖမ်းဆီးရမိခဲ့သည်။နှစ်လုံးထီရောင်းသူအား သက်ဆိုင်ရာက အရေးယူထားကြောင်း သိရှိရသည်။ **(၀၁၂)**

ကြည့်မြင်တိုင်မြို့နယ်အတွင်း၌ နှစ်လုံးထီဒိုင်များ ဖမ်းဆီး

ရန်ကုန် မတ် ၁၈

နှစ်လုံးထီရောင်းချသူများကို နေရာအနှံ့တွင် လိုက်လံဖမ်းဆီးလျက်ရှိရာ ကြည့်မြင်တိုင်မြို့နယ်တွင်လည်း မတ် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နှစ်လုံးထီဒိုင်များအား ဆက်တိုက်ဖမ်းမိနိုင်ခဲ့သည်။

မတ် ၁၃ ရက် နံနက် ၁၁ နာရီကျော်က ဒုတိယရဲအုပ်နိုင်ဝင်း၊ ရဲတပ်ကြပ်အောင်မြင့်ဝင်း၊ ရဲဒုတပ်ကြပ် ကျော်စိုးအောင်တို့သည် သက်သေများနှင့်အတူ ဈေးကြီး (အရှေ့)ရပ်ကွက် အင်းစိန်လမ်း(အထက်)မှ နေအိမ်တိုက်ခန်းတစ်ခုတွင် တရားမဝင်နှစ်လုံးထီများ ရောင်းချနေသောသတင်းအရ ဝင်ရောက်ရှာဖွေရာ ဂဏန်းနှင့်ငွေတန်ဖိုးရေးထားသော စာရွက်အပိုင်းများနှင့် ငွေကျပ် ၇၃၂၀၀၊ ဒိုင်ကိုင်ရာတွင်အသုံးပြုသော ဟန်းဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိသည်။

ထို့အပြင် မတ် ၁၄ ရက် ညနေ ၃ နာရီက ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ပန်းလှိုင်အိမ်ရာဝင်းအတွင်းရှိ နေအိမ်တစ်အိမ်သို့ ဝင်ရောက်ရှာဖွေရာ တိုက်ခေါင်းရင်းခန်း ခုတင်ပေါ်မှ နှစ်လုံးတိုက်ထီဂဏန်းနှင့် ငွေတန်ဖိုးရေးထားသော စာရွက်များ၊ ပေါက်စဉ်ဇယားတစ်ခု၊ ဂဏန်းပေါင်းစက် တစ်လုံး၊ ဒိုင်ကိုင်ရာတွင် အသုံးပြုသော ဟန်းဖုန်းတစ်လုံး၊ ရောင်းရငွေကျပ် နှစ်သိန်း ငါးထောင်ကို ရှာဖွေတွေ့ရှိရသဖြင့် ဥပဒေနှင့်အညီအရေးယူထားကြောင်း သိရှိရသည်။ **(၀၄၂)**

မတ် ၇ ရက်က တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့ ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲအုပ် သန်းဇော်လင်း ဦးဆောင်သော ပူးပေါင်းအဖွဲ့ဝင်များ မော်တော်ဆိုင်ကယ်များ စီးနင်းရာတွင် လိုက်နာရမည့် အချက်များနှင့် ယာဉ်စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာများ ပညာပေးဆွေးနွေးပြောကြားကြစဉ်။ (၀၆၀)

မိုးပွင့်အဆင့်(၂)စီမံချက် မင်္ဂလာဒုံမြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မတ် ၁၈

မိုးပွင့်အဆင့် (၂) နိုင်ငံသားလုပ်ငန်းစီမံချက်အရ မင်္ဂလာဒုံဈေးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ဆွေနှင့် ဝန်ထမ်းများ မတ် ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးရဲထွန်းဦး၊ ခရိုင်ဦးစီးဌာနမှူး ဦးမောင်မောင်သန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသက်တင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းအောင်တို့ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခဲ့ကြောင်းနှင့် သွေးစစ်ခ ကုန်ကျစရိတ်များကို အလှူရှင်ဦးဝင်းကို (STAR)အချိုရည်လုပ်ငန်းက လှူဒါန်းခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

လမ်းမပေါ် ဘောလုံးကစားနေလို့ ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

လမ်းမတော်မြို့နယ် ၁၅ လမ်းအထက်လမ်းတို သရက်တောကျောင်းဝင်းကြား အမှတ် (၁၄၅)တိုက်ခန်းဘေး ကျုံးကြီးရေထုတ်မြောင်းရှိရာလမ်းတွင် ညနေမှစ၍ ညအချိန်ထိ ဘောလုံးကစားနေခြင်းကြောင့် လမ်းသွားလမ်းလာများနှင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသောကြောင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

ရေနုတ်မြောင်းများ ရေစီးရေလာကောင်းစေချင်

စာတည်းခင်ဗျား-

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် (၂၄)ရပ်ကွက် စည်ပင်လမ်းနှင့် ဟေမဝန်လမ်းကြား ပြည်ထောင်စုလမ်းမကြီးဘေးရှိ ရေနုတ်မြောင်းများ ပိတ်ဆို့နေသဖြင့် ခြင်များပေါက်ပွားခြင်းနှင့် အပုပ်နံ့များထွက်ရှိနေခြင်းတို့ကြောင့် ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

လမ်းဘေးအုန်းပင်များကြောင့် စိုးရိမ်နေရ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် အောင်ဘာလေလမ်းဘေးရှိ အုန်းပင်များမှ အုန်းသီးများ၊ အုန်းလက်များ ပြုတ်ကျခြင်းကြောင့် လမ်းသွားလမ်းလာများနှင့် ကားမှန်များအတွက် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

ကျောက်မြောင်းသား

ကျူးကျော်ဆိုင်ခန်းများ ဖယ်ရှားပေးပါ

စာတည်းခင်ဗျား-

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဈေးသစ်ရပ်ကွက်အတွင်းရှိ ဆရာစံလမ်းပေါ်တွင် ကျူးကျော်ဆိုင်ခန်းများ အခိုင်အမာဆောက်လုပ်ရောင်းချနေခြင်းကြောင့် လမ်းပိတ်ဆို့ခြင်း၊ ရေမြောင်းပိတ်ဆို့ခြင်းနှင့် စွန့်ပစ်အမှိုက်များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ဖယ်ရှားဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

တွံတေးမြို့သား

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်

တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ဖွင့်ပွဲ အခမ်းအနားတက်ရောက် အထိမ်းအမှတ်ရုပ်တုနှင့် ကမ္ပည်းမော်ကွန်းတို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် မတ် ၁၈

(၆၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်ရင်ပြင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တက်ရောက်၍ စစ်သမိုင်းပြတိုက်အထိမ်းအမှတ်ရုပ်တု

စက်ခလုတ်နှိပ်ဖွင့်လှစ်

တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် တပ်မတော် စစ်သမိုင်းပြတိုက် အထိမ်းအမှတ် ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နှင့် ကမ္ပည်းမော်ကွန်းတို့အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ တပ်မတော် စစ်သမိုင်းပြတိုက်(နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှဒုတိယဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးမြင့်၊ ကာကွယ်ရေးဦးစီးချုပ်(လေ)ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်းနှင့်ဇနီး ဒေါ်ထွေးထွေးညွန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီး၊ (၆၇)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ရေးပြမှူးကြီး၊ စစ်ကြောင်းမှူးများနှင့် အရာရှိ၊ စစ်သည်များ၊ ဗဟိုစစ်တီးဝိုင်းတပ်ဖွဲ့နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနား မစတင်မီ အခမ်းအနားတက်ရောက်လာကြသူများအား ဗဟိုစစ်တီးဝိုင်းတပ်ဖွဲ့က ဇာတိသွေးဇာတိမာန်တက်ကြွစေမည့် စစ်သီချင်းများ တီးမှုတ်၍ ဖျော်ဖြေခဲ့သည်။

နံနက် ၉ နာရီ ၁၅ မိနစ်တွင် အခမ်းအနားအစီအစဉ်ပထမပိုင်းကို စတင်ကျင်းပရာ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာသည်နှင့် တပ်မတော်စစ်သမိုင်းပြတိုက်ဖွင့်ပွဲ အထိမ်းအမှတ်သီချင်းဖြင့် ဖျော်ဖြေခဲ့သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဗိုလ်ချုပ်ညဏ်ထွန်းက တပ်မတော်စစ်သမိုင်းပြတိုက်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးညဏ်ထွန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်းတို့က တပ်မတော်စစ်သမိုင်းပြတိုက် အထိမ်းအမှတ်ရုပ်တုအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က တပ်မတော်စစ်သမိုင်းပြတိုက်အထိမ်းအမှတ်ရုပ်တုအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဗဟိုစစ်တီးဝိုင်းအဖွဲ့က စစ်သီချင်းများတီးမှုတ်ကာ အခမ်းအနားပထမပိုင်းအစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❍

စတုတ္ထမဏ္ဍိုင်ကို ကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော မဏ္ဍိုင်ကောင်းတစ်ခုဖြစ်လာရေး အားပေးလျက်ရှိ

မိမိတို့ ရေးသားဖော်ထုတ်တင်ပြမည့် သတင်းအချက်အလက်များ အမှန်ဖြစ်အောင် အစဉ်ကြိုးပမ်းအားထုတ်

ဒီမိုကရေစီ မြန်မာ့လူ့အဖွဲ့အစည်းရှင်သန်တည်တံ့နိုင်ရေး စစ်မှန်သောစတုတ္ထမဏ္ဍိုင်ကို ဝိုင်းဝန်းတည်ဆောက်

ရန်ကုန် မတ် ၁၈

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် အမျိုးသားသတင်းဆုကော်မတီတို့ ကြီးမှူးကျင်းပသည့် ပထမအကြိမ် အမျိုးသားသတင်းဆု(National Press Award) ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့ တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဒေါ်စန်းစန်းနွယ်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးနှင့် မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံးတို့မှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အမျိုးသားသတင်းဆုကော်မတီနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ အမျိုးသားသတင်းဆုများ အကဲဖြတ်ရွေးချယ်ရေးအဖွဲ့ဝင်များ၊ သတင်းစာဆရာကြီးများ၊ စာပေပညာရှင်ကြီးများ၊ စာပေလောကသားများ၊ ဆုရရှိကြသူများနှင့် မိသားစုများ၊ အလှူရှင်များ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပထမအကြိမ် အမျိုးသားသတင်းဆု ချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွှေဦးစွာ တယောဦးတင်ရီနှင့်အဖွဲ့က "ပန်းတိုင်းပွင့်ပါစေ" အဖွင့်သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့က "သုံးရောင်ခြယ်" သီချင်းနှင့် တွဲဖက်၍ ယိမ်းအကဖြင့် ဖျော်ဖြေတင်ဆက်သည်။

အမှာစကားပြောကြား

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပသော အခမ်းအနားသည် မြန်မာ့သတင်းမီဒီယာလောကဂုဏ်ကိုဆောင်နိုင်ရန် အမျိုးသားသတင်းဆုများ ချီးမြှင့်သည့် ပထမဆုံးသော အခမ်းအနားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စာပေဆိုင်ရာဆုများဖြစ်သော အမျိုးသားစာပေဆု၊ စာပေဗိမာန်စာမူဆုဖြစ်သည့် နိုင်ငံတော်က ချီးမြှင့်သော ဆုနှစ်မျိုးအပြင် ပခုက္ကူ ဦးအုန်းဖေစာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု၊ သုတစွယ်စုံစာပေဆု၊ ဆရာဝန်တင်ရွှေစာပေဆုနှင့် ရွှေအမြုတေစာပေဆုများ စသဖြင့် ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များကလည်း မြိုင်မြိုင်ဆိုင်ဆိုင် ချီးမြှင့်နေကြကြောင်း၊ ယခု အမျိုးသားသတင်းဆုများ ချီးမြှင့်လိုက်နိုင်ခြင်းသည် တကယ့်ကို ဝမ်းသာကြည်နူးစရာ မင်္ဂလာရှိလှပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ ◆